# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၅) ရက် ၊ အင်္ဂါနေ့ ၊ (5-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vinay Kumar ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Vinay Kumar ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Vinay Kumar ကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၅)တွင် လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်မှုများကို ခင်မင်ရင်းနှီးစွာနှစ်ဖက်အမြင် ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များတက်ရောက် ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိ**

စာမျက်နှာ - ၁၈

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်း သက်သာစွာဖြင့် ဆက်လက်ရောင်းချ**

စာမျက်နှာ - ၂၁




# စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**စလင်း စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် လက်ပကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လက်ပကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တော်ဝင်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် လက်ပကန်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အရှည် ခုနစ်ဖာလုံအကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၆ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၂၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက လက်ပကန်ကျေးရွာရှိ အိမ်ခြေ ၂၀၃ အိမ်၊ လူ ၉၈၉ ဦးတို့၏ စိုက်ဧက ၅၀၀ မှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ငင်မာ**

# တံတားဦးမြို့နယ် ဘလဲ့ဘ(ကွက်သစ်)ကျေးရွာ၌ ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်

**တံတားဦး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘလဲ့ဘ(ကွက်သစ်)ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေနိုင်သည့်ထိ ကြိုးစားသင်ယူသွားကြရန် ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ တံတားဦးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြနှစ်ဦးက အခြေခံဆိုင်ကယ်ပြုပြင်နည်းများကို ယနေ့မှ စက်တင်ဘာ ၂၃ ရက်ထိ ရက် ၂၀ ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၄၆၈၀၀ စိုက်ပျိုးပြီးစီး




**စစ်ကိုင်း စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၄၆၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၅၃၈၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ဧက ၄၆၈၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သွားမယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲမျိုးစုံဧက ၅၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ ဧက ၄၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၁၁၅၃ ဧက၊ စွန်တာပြာ ၄၃၂ ဧက၊ ပဲလွမ်း ၁၇၅ ဧက၊ ပဲစင်းငုံ ၃၄၈၆၈ ဧက၊ ပဲကြီး ၁၇၂ ဧက စုစုပေါင်း ဧက ၄၆၈၀၀ တို့ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မတ်ပဲ ၉၉ ဧက၊ ပဲတီစိမ်း ၁၇၄၂၄ ဧက၊ ထောပတ်ပဲ ၁၆၃ ဧက၊ စွန်တာပြာ ၁၄၁၅ ဧက၊ ပဲလွမ်း ၅၉၅ ဧက၊ ပဲစင်းငုံ ၃၅၂၁၆ ဧက၊ ပဲကြီး ၄၆၉ ဧက စုစုပေါင်း ၅၅၃၈၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျောက်ဆည်မြို့နယ် အင်းတိုင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျောက်ဆည်မြို့နယ် အင်းတိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ ယခုကဲ့သို့ အခြေခံစက်ချုပ်နည်းပညာများကိုအသုံးပြုပြီး ဈေးကွက်ဝင်အဝတ်အထည်များအဖြစ် ထုတ်လုပ်နိုင်စေရန်၊ အဆင့်မြင့်စက်ချုပ်နည်းပညာရပ်များ တတ်ကျွမ်းပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်ကာ မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းပိုလ်က ပြောပြသည်။

အဆိုပါသင်တန်းကို သင်တန်းသူဦးရေ ၂၀ လက်ခံ၍ သင်တန်းတွင် အမျိုးသမီးဝတ်ရင်စေ့အင်္ကျီ၊ ရင်ဖုံးအင်္ကျီ၊ စကပ်ချုပ်နည်းအမျိုးမျိုး၊ ကလေးဝတ်ဘောင်းဘီရှည်စသည်တို့ကို သင်တန်းနည်းပြများက စက်တင်ဘာ ၆ ရက်မှ ၂၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မြောက်ဦးမြို့နယ်၌ Box Culvert နှင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြောက်ဦး စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုတိုးကျေးရွာအဝင်လမ်းပေါ်ရှိ Box Culvert တစ်စင်းနှင့်ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းရန်နိုင်သူ၊ မြောက်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးစောထွန်းနိုင်၊ ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ Box Culvert တစ်စင်းနှင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းရန်နိုင်သူက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန်နှင့် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန် မှာကြားသည်။

မြောက်ဦးမြို့နယ် ကုတိုးကျေးရွာအဝင်လမ်းပေါ်ရှိ အလျား ၁၀ ပေ၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်ပေရှိ Box Culvert တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၀၀၊ အမြင့် ခြောက်ပေရှိ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ် ၂၃ ဒသမ ၇ သန်းဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇွန်လ ဒုတိယပတ်အတွင်း စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသန်း**



# ထာဝရထိန်းသိမ်းရမည့် ကျောက်လိုဏ်ဂူများ

ပါမောက္ခကိုကိုအောင်



ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် လိုဏ်ဂူများကို အများအပြားတွေ့ရှိနိုင်သည်။ ကမ္ဘာပေါ်ရှိ ကျောက်လိုဏ်ဂူများအနက် အရေအတွက်အားဖြင့် အများစုမှာ လူသူအရောက်အပေါက်နည်းလှသော ဝေးလံခေါင်သီသည့် တောတောင်လျှိုမြောင်များအတွင်း၌ တည်ရှိနေကြသည်။ အနည်းစုသော ကျောက်လိုဏ်ဂူတို့ကသာလျှင် အများပြည်သူတို့နေထိုင်ရာ မြို့၊ ရွာများနှင့် မလှမ်းမကမ်း၌ တည်ရှိနေကြသည်။

ထိုသို့သောအနည်းစုဖြစ်သည့် ကျောက်လိုဏ်ဂူများထဲ၌ပင် ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်သော လိုဏ်ဂူအရေအတွက်မှာ အချို့အဝက်သာရှိပြီး ကျန်ရှိနေသေးသောကျောက်လိုဏ်ဂူများကိုမူ ရှာဖွေတွေ့ရှိဖော်ထုတ်နိုင်ခြင်းမရှိကြသေးပေ။ ကျောက်လိုဏ်ဂူများကို ရှာဖွေဖော်ထုတ်နိုင်မှုတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက အများဆုံးဖြစ်ပြီး ထိုထိုသော ဖွံ့ဖြိုးပြီးနိုင်ငံများကသည်ပင်လျှင် မိမိတို့ရှာဖွေဖော်ထုတ်ပြီးသော ကျောက်လိုဏ်ဂူများအနက် အရေအတွက်အနည်းငယ်ကိုသာလျှင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ဖွင့်လှစ်ပေးထားလျက်ရှိသည်။

ကျောက်လိုဏ်ဂူတစ်လုံးကို အများပြည်သူတို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ရာ၌ ဘက်စုံထောင့်စုံမှ စနစ်တကျပြင်ဆင်ကြရသည်။ အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာဝင်ရောက်လေ့လာကြည့်ရှုနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများကို ဦးစွာပြုလုပ်ကြရသည်။ လိုဏ်ဂူအတွင်းရှိ နက်သောလျှိုများ၊ အကွေ့အကောက်များလွန်းပြီး ကျဉ်းမြောင်းသောနေရာများ စသည်တို့၌ လူအများအသက်ရှူနိုင်ရန် လုံလောက်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ ရှိ၊ မရှိကို တိုင်းတာစစ်ဆေးကြရသလို ဂူအတွင်းရှိ နက်မှောင်အေးစိမ့်လွန်းသော နေရာတချို့ကို လူအများအား ဝင်ရောက်ခွင့်ပြုရန် သင့်၊ မသင့်ကိုလည်း လေးလေးနက်နက် စဉ်းစားဆုံးဖြတ်ကြရသည်။

ထို့ပြင် အချွန်အတက်ဖြစ်နေသောကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၏ တည်ရှိနေပုံများအရ အချို့သောနေရာများတွင် အများပြည်သူတို့ နီးနီးကပ်ကပ်လေ့လာကြည့်ရှုရန် သင့်၊ မသင့်ကိုလည်း ဘေးအန္တရာယ်ကင်းရှင်းရေးရှုထောင့်မှနေ၍ စဉ်းစားသုံးသပ်ကြရသည်။ လိုဏ်ဂူအမိုးပေါ်မှ တွဲလောင်းကျဆင်းနေသော ကျောက်ပန်းဆွဲများအနက် တချို့မှာ လိုဏ်ဂူကြမ်းခင်းနှင့် လူတစ်ရပ်လွတ်ရုံမျှသာရှိပြီး လွန်စွာနီးကပ်နေတတ်သလို လိုဏ်ဂူကြမ်းပြင်မှ အပေါ်သို့ ထိုးထိုးထောင်ထောင်ထွက်ပေါ်နေသော ကျောက်စက်မိုးမျှော်များအနက် တချို့မှာ လုံ့သွားတမျှချွန်ထက်နေတတ်သည်။

ထိုကဲ့သို့သော ကျောက်ပန်းဆွဲနှင့်ကျောက်စက်မိုးမျှော်တို့၏ သဘာဝအတိုင်းတည်ရှိနေပုံမှာ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြမည့်အများပြည်သူတို့အတွက် ထိခိုက်မှုအန္တရာယ်မှ အသက်အန္တရာယ်ထိ ဖြစ်ပွားနိုင်သည့်အတွက် လိုဏ်ဂူတစ်ခုကို အများပြည်သူတို့ကြည့်ရှုရန်ဖွင့်လှစ်ခြင်း မပြုမီ စနစ်တကျစူးစမ်းလေ့လာမှုများကို ကြိုကြိုတင်တင် စီစဉ်လုပ်ဆောင်ကြရခြင်းဖြစ်သည်။

ကမ္ဘာ့အရပ်ရပ်ရှိ ထုံးကျောက်ပေါကြွယ်ဝသော ဒေသများတွင် လိုဏ်ဂူများကိုတွေ့ရှိနိုင်သည်။ ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းများ၏ ရေစီးအလျဉ်နှင့် သဘာဝရေတွင် ဖွဲ့စည်းပါဝင်နေသော ဒြပ်စင်များကြောင့် လိုဏ်ဂူများကို ဖြစ်ပေါ်စေခဲ့ပြီး နှစ်ပေါင်း သန်းနှင့်ချီ၍ကြာမြင့်လာသည့်အခါ လိုဏ်ဂူများအတွင်း၌ အလွန်လှပကာ ရင်သပ်ရှုမောအံ့သြမကုန်ဖြစ်ရသည့် ကျောက်ပန်းဆွဲများ ဖြစ်တည်လာရသည်။ ပန်းချီဆရာနှင့်ပန်းပုပညာရှင်များက မည်သို့ပင် စိတ်ကူးယဉ်မှန်းဆပြီး ရေးဆွဲထုဆစ်စေကာမူ သဘာဝကျောက်ပန်းဆွဲများ၏ ဖြစ်တည်ဖွဲ့စည်းနေပုံကို အန်တုရ၍ မရနိုင်ပေ။

ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်တည်ရှိရာနေရာနှင့်နီးကပ်သော ထုံးကျောက်တောင်ကြီးများသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ ကျောက်လိုဏ်ဂူကြီးများကိုဖြစ်ပေါ်လာစေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ၌ စုပုံဖွဲ့စည်းနေသော ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းများသည် ထုံးကျောက်တောင်များအတွင်း ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဓာတ်ငွေ့ကို ထွက်ပေါ်လာစေသည်။ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်ဓာတ်ငွေ့များသည် ကျောက်လွှာများအတွင်း ဖြတ်သန်းစီးဆင်းနေသော မိုးရေတွင်ပါဝင်သည့် အောက်ဆီဂျင်နှင့်ဓာတ်ပြုကာ ဆာလ်ဖျူရစ်အက်စစ်များကို ထုတ်လုပ်ပေးသည်။

ဆာလ်ဖျူရစ်အက်စစ်များ ဖြတ်သန်းစီးဆင်းရာလမ်းကြောင်းတစ်လျှောက်ရှိ ထုံးကျောက်များသည် ဖျော်ချဖျက်ဆီးခြင်းခံကြရကာ လိုဏ်ဂူများကို ဖြစ်ပေါ်လာစေသည်။ ရေနှင့် ဆာလ်ဖျူရစ်အက်စစ်များသည် လိုဏ်ဂူနံရံကျောက်သားများအတွင်း၌ ကျန်ရစ်ခဲ့ကြပြီး ထိုသို့သော သဘာဝဖြစ်စဉ်များကသည်ပင်လျှင် လိုဏ်ဂူများအတွင်း၌ အလွန်သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များ ဖြတ်သန်းစီးဆင်းမှုကို ဖြစ်ပေါ်လာစေသည်။

ရေတွင်ပါဝင်သော သတ္တုဓာတ်ပစ္စည်းများသည် အနည်ထိုင်ကျန်ရစ်ခဲ့ကြပြီး ပုံစံမျိုးစုံရှိသော လိုဏ်ဂူမျက်နှာကြက်များ၊ နံရံများနှင့် ကြမ်းပြင်များကို ဖြစ်တည်လာစေတော့သည်။ ရင်သပ်ရှုမောဖွယ်ရာဖြစ်သော အလွန်လှပသည့်ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များနှင့်အတူ လိုဏ်ဂူအတွင်း ဓာတ်ပြုကာဖြင့် ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းငယ်ကလေးများကိုလည်း ဖွဲ့စည်းဖြစ်ပေါ်လာစေသည်။

ကျောက်လိုဏ်ဂူများအတွင်းရှိ သန့်ရှင်းစင်ကြယ်သော ရေချိုရေသန့်များသည် လိုဏ်ဂူအမိုးမျက်နှာကြက်များမှ တွဲလောင်းကျဆင်းနေကြသော ကျောက်ပန်းဆွဲများမှတစ်ဆင့် ယိုစိမ့်စီးဆင်းလျက်ရှိနေကြသည်။ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုကြသူများက အဆိုပါကျောက်စက်ရေကို အမြတ်တနိုးတန်ဖိုးထားကာ သောက်သုံးလေ့ရှိကြသည်။ တချို့ကမူ ရေဘူးများဖြင့်ပင် ထည့်သွင်းယူဆောင်သွားတတ်ကြသည်။

ထုံးကျောက်တောင်များအတွင်း သဘာဝအလျောက်ဓာတ်ပြုရာမှ ထွက်ပေါ်လာသော ရေချိုများသည် သန့်ရှင်းစင်ကြယ်သည့်အပြင် ကျောက်လိုဏ်ဂူနံရံများကို ဖြတ်သန်းစီးဆင်းလာကြရသည့်အတွက် အလွန်ပင်အေးမြလှသည်။ ထိုအေးမြလှသောကျောက်စက်ရေများကိုသောက်သုံးခြင်းသည် ကျန်းမာရေးအရ သင့်လျော်ရုံမက ၎င်းကျောက်စက်ရေများဖြင့် မျက်လုံးအိမ်အတွင်းကို ဆေးကြောသန့်စင်ခြင်း၊ မျက်နှာသစ်ခြင်းတို့သည်လည်း အန္တရာယ်ကင်းသော အမြဲကြည်လင်မှုကို ရရှိစေနိုင်သည်။

ကျောက်လိုဏ်ဂူများ၏သဘာဝသည် နက်မှောင်ပြီး အေးမြလွန်းလှသည့်အားလျော်စွာ အများသူငါကြည့်ရှုနိုင်ရန်အတွက် သီးသန့်စီစဉ်ပေးထားခြင်းမရှိသေးသော လိုဏ်ဂူများအတွင်းသို့ ဝင်ရောက်လေ့လာကြည့်ရှုလိုသူများသည် အနွေးထည်၊ လက်နှိပ်ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင် စသည်တို့ကို အသင့်ယူဆောင်သွားကြရမည်ဖြစ်သည်။ အနိမ့်ဆုံးအပူချိန် ၁၂ ဒီဂရီဆဲလ်စီးယပ်ခန့်ထိရှိနိုင်သော ကျောက်လိုဏ်ဂူများအတွင်း၌ အနွေးထည်သည် အအေးဒဏ်မှ ကာကွယ်ရန်ဖြစ်ပြီး လက်နှိပ်ဓာတ်မီးသည် မှောင်မိုက်သောနေရာများ၌ အသုံးပြုရန်ဖြစ်သည်။ အတွင်းပိုင်းရှိ နက်သောလျှိုများအတွင်းသို့မဝင်ရောက်မီ ဖယောင်းတိုင်မီးကို ထွန်းညှိခြင်းဖြင့် အောက်ဆီဂျင်လုံလောက်စွာ ရှိ၊ မရှိကို စူးစမ်းသိရှိနိုင်ကာ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည်။

အများသူငါတို့ကြည့်ရှုနိုင်ရန် စနစ်တကျစီစဉ်၍ ဖွင့်လှစ်ပေးထားသော ကျောက်လိုဏ်ဂူကြီးများ၌မူ လျှပ်စစ်မီးအလင်းရောင်ကို လုံလောက်စွာထွန်းညှိပေးထားခြင်း၊ လူသွားလမ်းများကို အတတ်နိုင်ဆုံး ပြေပြစ်အောင် စီစဉ်ပြုလုပ်ပေးထားခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့နည်းပါးသော လျှိုနံရံများကြားသို့ ဝင်ရောက်ခွင့်တားမြစ်ထားခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်သည့်အစီအမံများ ပြုလုပ်ပေးထားခြင်းတို့ကို တွေ့ရှိနိုင်သည်။

မည်သို့ပင်ဖြစ်စေကာမူ ကျောက်လိုဏ်ဂူများအတွင်းသို့ဝင်ရောက်သည့်အခါ အပ်ချောင်းများထောင်ထားသည့်ပုံစံဖြစ်တည်နေသော ကျောက်စက်မိုးမျှော်အနုစိတ်နေရာများကို ဂရုတစိုက်ကြည့်ရှုကြရန် လိုအပ်သည်။ အရွယ်အစားသေးငယ်ပြီး ချွန်ထက်နေသော ကျောက်စက်မိုးမျှော် အနုစိတ်များ၏ မာကျောကျစ်လျစ်မှုအဆင့်အတန်းသည် အလွန်မြင့်မားနေခြင်းကြောင့် ၎င်းတို့အပေါ်သို့ ခြေချော်ကျရောက်ခဲ့လျှင် အသက်အန္တရာယ်ထိဖြစ်နိုင်သောကြောင့်ပင်ဖြစ်သည်။

နှစ်သန်းပေါင်းများစွာကပင် ဖြစ်တည်နေခဲ့ကြသော ကမ္ဘာ့အရပ်ရပ်ရှိ ကျောက်လိုဏ်ဂူကြီးများကို စွန့်ဦးရှာဖွေသူများက တွေ့ရှိနိုင်ရန် လင်းနို့ငှက်များက လမ်းပြခဲ့ကြခြင်းဖြစ်သည်။ လင်းနို့များသည်သားပေါက်ရာသီရောက်ရှိလာသည့်အခါ အဝင်အထွက် တစ်ပေါက်တည်းသာရှိသည့် ကျောက်လိုဏ်ဂူများအတွင်းသို့ အုပ်စုလိုက်ပြောင်းရွှေ့ရောက်ရှိလာကြသည်။ နေ့ဘက်တွင်လိုဏ်ဂူအတွင်း၌ အိပ်စက်အနားယူကြပြီး အလင်းရောင်ကင်းမဲ့သည့် ညအချိန်သို့ရောက်သောအခါ လိုဏ်ဂူအပြင်ဘက်သို့ အုပ်စုလိုက်အစာရှာထွက်ကြသည်။ လင်းနို့ငှက်များ အုပ်စုလိုက်ဝင်ထွက်ပြုလုပ်နေသည်ကို သတိပြုမိသော စွန့်ဦးရှာဖွေရေးသမားတို့က ရင်သပ်ရှုမောအံ့သြမကုန်အောင် လှပဆန်းကြယ်သောကျောက်လိုဏ်ဂူများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ကမ္ဘာ့အံ့ဖွယ် ကျောက်လိုဏ်ဂူများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် ကားစ်ဘက်မြို့အနီးရှိ ကားစ်ဘက်လိုဏ်ဂူကြီးကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ကမ္ဘာ့သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့သည်။

သဲကန္တာရမျက်နှာပြင်၏ အောက်ဘက်၌ ဂူငယ်ပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ရှိနေသည့် အဆိုပါကျောက်လိုဏ်ဂူကြီး၏ နေရာအနည်းစုကိုသာ အများပြည်သူကို ကြည့်ရှုခွင့်ပေးထားပြီး နေရာအများစုကိုမူ သုတေသနလုပ်ငန်းများအတွက် သီးသန့်ခွင့်ပြုပေးထားလျက်ရှိသည်။

ကမ္ဘာ့အရပ်ရပ်တွင် ကျောက်လိုဏ်ဂူများ အများအပြားရှိကြသည့်အနက် အများပြည်သူမရောက်ဖူးသေးသော ကျောက်လိုဏ်ဂူတချို့ကို စူးစမ်းလေ့လာရေးအဖွဲ့များအတွက် သီးသန့်ခွင့်ပြုပေးထားသလို အချို့သောလိုဏ်ဂူများအတွင်း၌ ကင်ဆာရောဂါကို ကုသနိုင်မည့် အဏုဇီဝပိုးမွှားများကို ရှာဖွေသုတေသနပြုနိုင်ရန်အတွက် ဆေးသိပ္ပံပညာရှင်များကို အထူးခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ပြင်ဦးလွင်ဒေသရှိ ပိတ်ချင်းမြောင်လိုဏ်ဂူနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသရှိ ထန်စန်းလိုဏ်ဂူတို့သည်လည်း ကျောက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ စမ်းချောင်းငယ်များဖြင့် သဘာဝအလျောက်ဖြစ်တည်လာခဲ့သည့် လိုဏ်ဂူများဖြစ်ကြပြီး အများပြည်သူတို့ ကြည့်ရှုလေ့လာအပန်းဖြေနိုင်စေရန် ဖွင့်လှစ်ပေးထားလျက်ရှိသည်။

နတ်များထွင်းထုထားသည့် လက်ရာအလားရင်သပ်ရှုမော အံ့သြမကုန်နိုင်အောင် ထူးခြားဆန်းကြယ်လှပလွန်းသည့် ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ စမ်းချောင်းငယ်များဖြင့် ဖွဲ့စည်းဖြစ်တည်နေကြသော ကမ္ဘာ့ဒေသအသီးသီးရှိ ကျောက်လိုဏ်ဂူကြီးများသည် နှစ်ကာလသန်းနှင့်ချီ၍ကြာမြင့်ပြီးမှ ဖြစ်တည်လာခဲ့ကြသည့် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်သည့်အတွက် ကျောက်လိုဏ်ဂူကြီးများကိုဖျက်ဆီးခြင်း၊ သဘာဝအနေအထားများကို ပျက်ယွင်းစေခြင်း၊ ဖြတ်တောက်ဖယ်ရှားခြင်း၊ လူလုပ် ရုပ်ဝတ္ထုပစ္စည်းများဖြင့် အစားထိုးခြင်းနှင့် တွဲစပ်တည်ဆောက်ခြင်း စသည်တို့ကို မပြုလုပ်ကြဘဲ သဘာဝအတိုင်းသာလျှင် အစဉ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံကို ၁၆၉၀၂ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံးအတွက် မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါမကျရောက်စေဖို့ ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေကလဲ ပီလောပီနံကိုစိုက်ဖူးတဲ့ အတွေ့အကြုံတွေရှိပါတယ်။ ပီလောပီနံကို မိုးသီးနှံစိုက်ပျိုးရာသီမှာ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ ယခု ပီလောပီနံလျာထားစိုက်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးသီးနှံတွေကို မေလနဲ့ ဇွန်လတွေမှာ စတင်စိုက်ပျိုးခဲ့တာပါ။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခုတိုးလာစေဖို့အတွက် ပီလောပီနံပင်တွေကို စိုက်ပျိုးတာဖြစ်ပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော် ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး ယခင်နှစ် မိုးရာသီက စိုက်ပျိုးခဲ့သည့် ပီလောပီနံကို ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ဈေးရရှိခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

# ကျိုင်းတုံမြို့နယ် ဝမ်းညှင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ယခုဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကတ်တောင ကျေးရွာအုပ်စု ဝမ်းညှင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ခမ်းနှင့်ဝန်ထမ်းများက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝမ်းညှင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာစိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၃ သန်းဖြင့် PVC နှစ်လက်မရေပိုက်များဖြင့် သုံးမိုင်ခြောက်ဖာလုံ သွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းတို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ် ဝမ်းညှင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၄၀၊ လူ ၂၃၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ခိုင်**

## ငါတို့မြန်မာစာ

\- ငါတို့မြန်မာစာ၊
ကိုယ်ပိုင်ဟန် ယဉ်ကျေးမှုနဲ့
အစပြုကာ၊
ကမ္ပည်းထိုး ကျောက်စာ
ပျူ မင်စာ အရေးအသား၊
ဗုဒ္ဓဝင် ဇာတ်နိပါတ်
ရေးမှတ်ထင်ရှား။

\- ငါတို့မြန်မာစာ၊
ပိဋကတ်ကို ရင်မှာပိုက်
ဦးခိုက်ခဲ့တာ၊
ဇာတ်ကြီးဆယ်ဘွဲ့ မင်စာ
ဂူကျောင်းမှာ မော်ကွန်းထိုး၊
ဆေးပန်းချီ ရုပ်ပြအတတ်နဲ့
မြင့်မြတ်မျိုးရိုး။

\- ငါတို့မြန်မာစာ၊
ဗြဟ္မစိုရ် တရားလေးပါး
ရင်ဝယ်ထားကာ၊
ဝိဇ္ဇာအတတ် သိပ္ပံပညာ
အဘိဓမ္မာ အခြေပြု၊
ပြည်သူတွေ နှလုံးသား
တရားတွေစု။

\- ငါတို့မြန်မာစာ၊
ဘိုးဘွားတွေ လက်ဆင့်ကမ်း
စာပန်းတွေဟာ၊
ဝတ္ထုပြဇာတ် ကဗျာလင်္ကာ
အညွန့်ခက်ဖြာ တိုးတက်၊
ကမ္ဘာမှာ
မြန်မာစာ ဂုဏ်ထင်ရှားအောင်ပ
(အမျိုးတို့ရေ့ . . .)
ကြိုးစားရှေ့ဆက်။ ။

**ချစ်သက်(မြန်မာစာ)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## တရုတ်၊ ရုရှား၊ မြောက်ကိုရီးယား သုံးနိုင်ငံရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ရုရှားကာကွယ်ရေးဝန်ကြီးက ကင်ဂျုံအန်ကို အဆိုပြုထား



**ဆိုးလ် စက်တင်ဘာ ၄**

တရုတ်၊ မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ပူးပေါင်း၍ ရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ရန် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူးက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို အဆိုပြုထားသည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူးသည် ယခုနှစ်ဇူလိုင်လအတွင်း မြောက်ကိုရီးယားသို့ ရောက်ရှိစဉ်အထက်ပါအဆိုပြုချက်ကိုတင်ပြခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီးသည် ကိုရီးယားကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု နှစ်(၇၀)ပြည့်အခမ်းအနားအတွက် ဇူလိုင်လအတွင်း မြောက်ကိုရီးယားသို့ရောက်ရှိခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားကာကွယ်ရေးဝန်ကြီးသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်သီးခြားတွေ့ဆုံ၍ စစ်ရေးပူးပေါင်းမှုမြှင့်တင်ရန် သဘောတူခဲ့ဖွယ်ရှိကြောင်း တောင်ကိုရီးယားထောက်လှမ်းရေးအဖွဲ့များ၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် အစဉ်အလာအရ ဆက်ဆံရေးခိုင်မာသည့်မဟာမိတ်နိုင်ငံများဖြစ်ကြသည်။

နှစ်နိုင်ငံစစ်ရေးဆက်ဆံမှုများကို မြှင့်တင်မည်ဟု ရုရှားနှင့်မြောက်ကိုရီးယားအစိုးရတို့က ယခုနှစ်အတွင်း ကြေညာထားပြီး ဖြစ်ကြောင်း သိရသည်။

KKO

## ကင်ဇဲလ်ဒုံးကျည်ကို ပထမဆုံးအသုံးပြုခဲ့သည့် လေတပ်သားများကို ရုရှားအစိုးရဂုဏ်ပြု

**မော်စကို စက်တင်ဘာ ၄**

ယူကရိန်း စစ်ဆင်ရေးများအတွင်း ကင်ဇဲလ်အမျိုးအစား အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို အသုံးပြုခဲ့သည့် ပထမဆုံး ရုရှားလေတပ်သားကို ရုရှားအစိုးရက နိုင်ငံတော်အဆင့်ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါရုရှားလေတပ် အက်စ်ယူ-၃၄ တိုက်လေယာဉ်မှူးများသည် ယူကရိန်းစစ်ဆင်ရေးများအတွင်း ကင်ဇဲလ်ဒုံးကျည်စနစ်ကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်အသုံးပြုခဲ့ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။

သို့ဖြစ်ရာ ကင်ဇဲလ်ဒုံးကျည်စနစ်ဖြင့် ပေးအပ်ထားသည့်မစ်ရှင်များကို အပြီးသတ်ပေးနိုင်ခဲ့သော ပထမဆုံးတိုက်လေယာဉ်မှူးများကို ရုရှားအစိုးရက ဘွဲ့တံဆိပ်များချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယူကရိန်းပစ်မှတ်များကိုချေမှုန်းရေးအတွက် ကင်ဇဲလ်ဟိုက်ပါဆိုးနစ်ဒုံးကျည်စနစ်များ အသုံးပြုနေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ် မတ်လအတွင်းက သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါဒုံးကျည်စနစ်ကို ယူကရိန်းစစ်ဆင်ရေးများ၌ မည်သည့်အချိန်တွင် ပထမဆုံးအသုံးပြုခဲ့သည်ကို မသိရသေးကြောင်း သိရသည်။

ကင်ဇဲလ် ဒုံးကျည်စနစ်သည် ရုရှားသမ္မတပူတင် ၂၀၁၈ ခုနှစ်အတွင်း ကြေညာထားသည့် မျိုးဆက်သစ် လက်နက်ခြောက်မျိုးထဲတွင်ပါဝင်ကြောင်း သိရသည်။

KKO

## ဂျီ-၂၀ ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် အဆိုပြုလျှောက်ထားရန် နိုင်ဂျီးရီးယားအစိုးရ စီစဉ်

**အဘူဂျာ စက်တင်ဘာ ၄**

စီးပွားရေး အင်အားကြီးနိုင်ငံများ စုဖွဲ့ထားသော ဂျီ-၂၀အုပ်စု၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အဆိုပြုလျှောက်ထားရန် နိုင်ဂျီးရီးယားအစိုးရက စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ အုပ်စုအတွင်း အဖွဲ့ဝင်အဖြစ်ပါဝင်မည်ဆိုပါက ပေါ်ထွက်လာနိုင်မည့် အဆိုးအကောင်းများကို နိုင်ဂျီးရီးယားအစိုးရက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသုံးသပ်ထားပြီးဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ယနေ့တွင် အိန္ဒိယခရီးစဉ်စတင်ရန် စီစဉ်ထားသည်။

ဂျီ-၂၀ထိပ်သီးညီလာခံ၌ သမ္မတတီနူဘူပါဝင်မှုသည် ဂျီ-၂၀ အုပ်စု၌ နိုင်ဂျီးရီးယားနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်ရေးရည်မှန်းချက်တွင် တစ်စိတ်တစ်ဒေသ အကျုံးဝင်ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဂျီ-၂၀ အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရထားသည့် တစ်ခုတည်းသော အာဖရိကနိုင်ငံမှာ တောင်အာဖရိကနိုင်ငံဖြစ်သည်။

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲများတွင် နိုင်ဂျီးရီးယားသမ္မတတီနူဘူနှင့်အတူ နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးနှင့် ကုန်သွယ်ရေးဝန်ကြီးများလည်း တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

KKO

## အမှိုက်ပုံမီးလောင်မှုထိန်းချုပ်ရေးအတွက် ဂါဇာတာဝန်ရှိသူများ အကူအညီတောင်းခံ



**ဂါဇာစီးတီး စက်တင်ဘာ ၄**

သုံးရက်ကြာမျှ လောင်ကျွမ်းနေသော စွန့်ပစ်အမှိုက်ပုံမီးလောင်မှုကို ထိန်းချုပ်ရေးအတွက် ဂါဇာကမ်းမြောင်ဒေသ တာဝန်ရှိသူများက အကူအညီ တောင်းခံထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် အကျယ်အဝန်း စတုရန်းမီတာ ၅၀၀၀၀ ရှိသည့် စွန့်ပစ်အမှိုက်ပုံ၌ ဖြစ်ပွားနေခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် အမှိုက်ပုံမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် နေ့ရောညပါ ကြိုးစားနေသော်လည်း ယင်းအမှိုက်ပုံမှာ ယခုရက်သတ္တပတ်ကုန်ထိ မီးဆက်လက်လောင်ကျွမ်းနိုင်ကြောင်း ဂါဇာကမ်းမြောင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါအမှိုက်ပုံသည် ဂါဇာစီးတီးမြို့ အရှေ့တောင်ဘက်အစွန်းရေးနှင့် ဂါဇာကမ်းမြောင်ကို ပိုင်းခြားထားသည့် ကမ်းရိုးတန်းအနီးတည်ရှိသည်။

အမှိုက်ပုံမီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးများကြောင့် ယင်းအမှိုက်ပုံရှိရာနေရာအနီး နေထိုင်ကြသူများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည်။

အစ္စရေးနှင့် အီဂျစ်နိုင်ငံတို့က ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားမှုကြောင့် အရေးပေါ်ပြဿနာများကို ရင်ဆိုင်ရာတွင် ဂါဇာဒေသအနေဖြင့် အခက်အခဲရှိနေသည်ဟု ဂါဇာကမ်းမြောင်ဒေသတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ရုရှားနိုင်ငံထုတ် ဝိုင်အေကေ-၁၃၀ တိုက်ပွဲဝင်လေ့ကျင့်ရေးလေယာဉ်များ အီရန်လေတပ် အသုံးပြုနေပြီဖြစ်

**မော်စကို စက်တင်ဘာ ၄**

ရုရှားနိုင်ငံထုတ် ဝိုင်အေကေ-၁၃၀ အမျိုးအစား တိုက်ပွဲဝင်လေ့ကျင့်ရေး လေယာဉ်များကို အီရန်လေတပ်က အသုံးပြုနေပြီဖြစ်ကြောင်း အေပီသတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါတိုက်ပွဲဝင်လေ့ကျင့်ရေးလေယာဉ်များသည် စတုတ္ထမျိုးဆက်တိုက်လေယာဉ်များအား ပျံသန်းနိုင်ရေးအတွက် အီရန်လေယာဉ်မှူးများလိုအပ်နေသည့် လေ့ကျင့်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း အီရန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။




ရုရှားနိုင်ငံထံမှ စတုတ္ထမြောက်မျိုးဆက်သစ် အက်စ်ယူ-၃၅ တိုက်လေယာဉ်များ ဝယ်ယူရေးအတွက် သဘောတူညီချက်တစ်ရပ် အပြီးသတ်ရယူထားပြီး ဖြစ်ကြောင်း ယခုနှစ်ဖေဖော်ဝါရီလအတွင်း အီရန်နိုင်ငံက ကြေညာထားသည်။

ရုရှားနိုင်ငံမှ ရောက်ရှိလာသော ဝိုင်အေကေ-၁၃၀ လေယာဉ်များသည် လက်ရှိအချိန်တွင် အီရန်နိုင်ငံ အလယ်ပိုင်း လေတပ်စခန်းတစ်ခု၌ အခြေစိုက်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံမှ ရောက်ရှိလာသည့် ဝိုင်အေကေ- ၁၃၀ လေယာဉ် အရေအတွက်ကို အီရန်ပြည်တွင်း မီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရုရှားနှင့် အီရန်နိုင်ငံတို့သည် စစ်ရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည့်နိုင်ငံများဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Crew 6 အာကာသယာဉ်မှူးများ နိုင်ငံတကာအာကာသစခန်း၌ ခြောက်လကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၄**

Crew 6 အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်း၌ ခြောက်လကြာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယနေ့တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါလာသည့် Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကမ်းလွန် အတ္တလန္တိတ်ရေပြင်အတွင်းသို့ လေထီးများအကူအညီဖြင့် ဆင်းသက်ခဲ့ကြောင်း သိရသည်။

Crew 6 မစ်ရှင် အာကာသယာဉ်မှူးများသည် မူလက စက်တင်ဘာ ၃ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ယနေ့မှသာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းအာကာသယာဉ်မှူးများ လိုက်ပါလာသည့် Crew Dragon အာကာသ လူသယ်ယာဉ်သည် ကမ္ဘာမြေအပြန် ခရီးစဉ်အတွက် စက်တင်ဘာ ၃ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီနှင့် ရယူထားသည့်သဘောတူညီချက်အရ Crew 6 မစ်ရှင်ကို ယခုနှစ် မတ် ၂ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်ရက်အကြာတွင် Crew Dragon အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။ KKO


## ချန်ဒရာယန်-၃ မစ်ရှင် လမျက်နှာပြင်လေ့လာရေးယာဉ်က တာဝန်များပြီးဆုံးပြီးနောက် စနစ်များပိတ်၍ အနားယူရပ်တန့်ထား

**နယူးဒေလီ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်-၃ မစ်ရှင်လမျက်နှာပြင်လေ့လာရေးယာဉ်သည် ပေးထားသည့်စူးစမ်းလေ့လာရေးတာဝန်များ ပြီးဆုံးပြီးနောက် စနစ်များပိတ်၍ အနားယူရပ်တန့်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ နေရောင်စပျောက်ချိန်တွင် ချန်ဒရာယန်-၃ လမျက်နှာပြင်လေ့လာရေးယာဉ်များ စနစ်များပိတ်၍ ဘေးကင်းစွာရပ်နားထားကြောင်း အိန္ဒိယ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါလမျက်နှာပြင်လေ့လာရေးယာဉ်သည် ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့်အတူ လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့ပြီး သီတင်းနှစ်ပတ်ခန့်အကြာတွင် စူးစမ်းလေ့လာရေးလုပ်ငန်းများရပ်၍ လကမ္ဘာညကာလကို ကျော်ဖြတ်ရန်ကြိုးစားနေခြင်းဖြစ်သည်။



ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လေ့လာရေးယာဉ်တို့သည် ကမ္ဘာမြေရက်အားဖြင့် ၁၄ ရက်နှင့်ညီမျှသော လကမ္ဘာတစ်နေ့တာအတွင်းတွင်သာ လုပ်ငန်းလည်ပတ်နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည့် အာကာသယာဉ်များဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်နှစ်စင်းအနေဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ နေရောင်ပြန်ကျချိန်တွင် ပြန်လည်နိုးထလာနိုင်ဖွယ်ရှိကြောင်း အိန္ဒိယအာကာသအေဂျင်စီက မျှော်လင့်ထားကြောင်း သိရသည်။ KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုသစ် ၂၁ စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၁ စင်းကို စက်တင်ဘာ ၃ ရက်တွင် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ တင်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းသို့ ပို့ပေးနိုင်ခဲ့သည်။

စက်တင်ဘာ ၃ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၆၂ ခုမြောက်အာကာသမစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့် Space-X အာကာသနည်းပညာကုမ္ပဏီက ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ နေရာချထားနိုင်ခဲ့သော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအရေအတွက်မှာ အစင်း ၅၀၀၀ ကျော်လွန်သွားခဲ့ပြီဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။ KKO

# HEALTH

## ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် စိတ်ကျန်းမာရေးပြဿနာများအကျိုးသက်ရောက်မှုရှိ

**နယူးယောက် စက်တင်ဘာ ၄**

စိတ်ကျန်းမာရေးပြဿနာများသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃ ရက်တွင်ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိုးရိမ်သောကဝေဒနာနှင့် စိတ်ကျဝေဒနာများသည် နှလုံးဖောက်မှုနှင့် လေဖြတ်မှုအပါအဝင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၏ အဓိကရောဂါနောက်ခံအကြောင်းတရားများဖြစ်ကြကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျဝေဒနာခံစားနေရသူများသည် ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက နှလုံးရောဂါများဖြစ်နိုင်ခြေ ၇၂ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထိုနည်းတူ စိုးရိမ်သောကဝေဒနာရှိနေသူမှာလည်း ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ခြောက်ဆ ပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် စိတ်ကျန်းမာရေးပြဿနာများကြောင့် ဆာရိုက်ဆစ် အရေပြားရောဂါအပါအဝင် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါများလည်း ဖြစ်နိုင်ခြေမြင့်မားလာတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကကဲ့သို့ စိတ်ကျန်းမာရေးပြဿနာ ရှိနေသူများအနေဖြင့် အခြားသောရောဂါများပေါ်လာနိုင်မှုကို သိနားလည်ထားသင့်သည်ဟု သုတေသနပညာရှင်များက တိုက်တွန်းထားကြောင်း သိရသည်။

KKO

## ကင်ဆာလူနာများနှင့် ကင်ဆာဖြစ်နိုင်ခြေများသူများ ဗီတာမင်စီနှင့်အီးကို အလွန်အကျွံမသုံးသင့်

**စတော့ဟုမ်း စက်တင်ဘာ ၄**

ကင်ဆာလူနာတစ်ဦးဖြစ်ခဲ့လျှင်သို့မဟုတ် ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားနေသူတစ်ဦးဖြစ်ခဲ့လျှင် ဗီတာမင်စီနှင့်ဗီတာမင်အီးဖြည့်စွက်ဆေးများကို အလွန်အကျွံမသုံးသင့်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဗီတာမင်စီနှင့် ဗီတာမင်အီးတို့သည် ကင်ဆာဆဲလ်များအတွင်း သွေးကြောသစ်များပေါ်ထွက်လာစေခြင်းဖြင့် ကင်ဆာဆဲလ်များ ကြီးထွားပြန့်ပွားစေရန် အားပေးစေ့ဆော်တတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတွင် တွေ့ရတတ်သော ဗီတာမင်စီနှင့် ဗီတာမင်အီးတို့သည် ကင်ဆာရောဂါနှင့် ဆက်စပ်နေသော ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆိုပါဗီတာမင်နှစ်မျိုးသည် ကင်ဆာဆဲလ်များအပါအဝင် လူ့ကိုယ်တွင်း၌ သွေးကြောသစ်များ ပေါ်ထွက်လာမှုကို စေ့ဆော် အားပေးတတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ဗီတာမင်စီနှင့် ဗီတာမင်အီးတို့၏အကျိုးသက်ရောက်မှုကို အဆုတ်ကင်ဆာဆဲလ်များသုံး၍ လက်တွေ့စမ်းသပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ဗီတာမင်စီနှင့် ဗီတာမင်အီးတို့သည် BACH 1 ခေါ် ပရိုတင်းတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် အဆုတ်ကင်ဆာဆဲလ်များအတွင်း သွေးကြောသစ်များ ပေါ်ထွက်လာစေရန် စေ့ဆော်တတ်ကြောင်း သိရသည်။

KKO



# အင်္ဂလန်အသင်းခံစစ်ကစားသမား အာနိုး ဒဏ်ရာပြဿနာကြောင့် ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို လွဲချော်ရဖွယ်ရှိ



**လန်ဒန် စက်တင်ဘာ ၄**

အင်္ဂလန်အသင်းနှင့် လီဗာပူးအသင်း အဓိက တောင်ပံခံစစ်ကစားသမား အာနိုးအနေဖြင့် အေဗီလာအသင်းနှင့် ပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့သည့်အတွက် အင်္ဂလန်အသင်းနှင့် ကစားရမည့် ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေကြောင်း Echo သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၄)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းက အေဗီလာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အာနိုးသည် ပွဲချိန် ၇၁ မိနစ်တွင်ဒူးဒဏ်ရာရရှိခဲ့ပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် အီလီယက်နှင့်လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် အာနိုးအနေဖြင့် ဒဏ်ရာကြောင့် မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ အသေးစိတ်စစ်ဆေးမှုများဆက်လက်ပြုလုပ်ပြီးမှသာ အနားယူရမည့်ကာလကိုသိရမည်ဖြစ်သောကြောင့် အင်္ဂလန်အသင်း ကစားသမားစာရင်းမှနုတ်ထွက်ရဖွယ်ရှိနေသည်။

လီဗာပူးအသင်း နည်းပြကလော့ပ်က "အာနိုးအနေနဲ့ ဒူးဒဏ်ရာရရှိခဲ့တာပါ။ အသင်းဆေးအဖွဲ့ကတော့ ဘယ်အချိန်ထိ အနားယူရမလဲဆိုတာကို အကြောင်းမကြားသေးပါဘူး။ စကန်ဖတ်ပြီး အသေးစိတ် စစ်ဆေးရမယ်လို့တော့ အကြောင်းကြားထားပါတယ်။ သူ့အနေနဲ့ ပြင်းပြင်းထန်ထန်ဒဏ်ရာရရှိခဲ့တာတော့ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**နယူးယောက် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့်ခရိုအေးရှားတင်းနစ်ကစားသမား ဘိုနာဂိုဂျိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၂၊ ၇-၅၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် US Open တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ကွာတားဖိုင်နယ်အဆင့်သို့ (၁၃)ကြိမ်မြောက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား တေလာ ဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် US Open တင်းနစ်ပြိုင်ပွဲဆုဖလားကို လေးကြိမ်မြောက်ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေပြီး ဂရန်းစလန်းဆုဖလား ၂၄ လုံးထိ ဆွတ်ခူးနိုင်ရေးအတွက်လည်း US Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

ဂျိုကိုဗစ်က "ဘိုနာဟာ နာမည်ကြီးကစားသမားတစ်ယောက်ပါ။ သူနဲ့ကျွန်တော်က ဂရန်းစလန်းပြိုင်ပွဲအမျိုးအစားမှာ ထိပ်တိုက်မတွေ့ဆုံဖူးသေးပါဘူး။ ဒါပေမဲ့လဲ ဘိုနာဟာခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဆိုတာ ယှဉ်ပြိုင်ကစားခဲ့ဖူးသူတိုင်းသိပါတယ်။ ကျွန်တော်ကိုယ်တိုင် တွေ့ဆုံတဲ့အခါမှာလဲ ဘိုနာဟာဘာလို့ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်အဖြစ် သတ်မှတ်ခံထားရတာလဲဆိုတာကို သဘောပေါက်လိုက်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂိုးသမား ကက်စပါရှမိုက်ကယ် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ




**ဘရပ်ဆဲလ် စက်တင်ဘာ ၄**

ပြီးခဲ့သည့် ဘောလုံးရာသီက နိုက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ဂိုးသမား ကက်စပါရှမိုက်ကယ်သည် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ကြောင်း The Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ ဝါရင့်ဂိုးသမား ကက်စပါရှမိုက်ကယ်သည် ပြီးခဲ့သည့် ၂၀၂၂ နှစ်က လက်စတာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ပြင်သစ်ကလပ်နိုက်အသင်းသို့ တစ်ရာသီစာချုပ်ဖြင့်ပြောင်းရွှေ့ကစားခဲ့ကာ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခြင်းမရှိခဲ့ဘဲ လမ်းခွဲခဲ့ခြင်းကြောင့် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ကက်စပါရှမိုက်ကယ်သည် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ လက်စတာအသင်းတွင် ကာလရှည်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၇၉ ပွဲထိ ပါဝင်ကစားခဲ့ကာ အသင်း၏ ပွဲအများဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလားနှင့် အက်ဖ်အေဖလားတို့ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ ပြီးဆုံးပြီဖြစ်သော်လည်း ကက်စပါရှမိုက်ကယ်အနေဖြင့် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် အသင်းပြောင်းရွှေ့ကစားခွင့် ရရှိထားသူဖြစ်သောကြောင့် ယခုအခါ အန်ဒါလက်ချ်အသင်းသို့ ကာလတိုစာချုပ်ဖြစ်သည့် တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Portland Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဝန်နာဆန် ဆွတ်ခူး

**ပေါ့လန်း စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် ပေါ့လန်းမြို့တွင်ကျင်းပခဲ့သည့် Portland Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်းဂေါက်သီးရိုက်မယ် ဝန်နာဆန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၆ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ကြောင်း Golf Digest သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


တရုတ် ဂေါက်သီးရိုက်မယ် လင်းရှီယူက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်မယ် စီဂန်ဒါ၊ တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်၊ အမေရိကန် ဂေါက်သီးရိုက်မယ် ဂီနာကင်မ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အသက် ၁၉ နှစ်အရွယ် ဝန်နာဆန်သည် Portland Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းမဟုတ်ဘဲ လက်ရည်စစ်ပွဲအဆင့်မှ တစ်ဆင့်ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့သူဖြစ်သည်။

၂၀၁၅ ခုနှစ်နောက်ပိုင်း LPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဦးဆုံးသောကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဝန်နာဆန်က "ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုဖလားကိုရယူနိုင်ဖို့အတွက် ကျွန်မအနေနဲ့အများကြီးကြိုးစားခဲ့ရတယ်။ ပြိုင်ပွဲရဲ့အစပိုင်းနေ့တွေမှာ အများကြီးခက်ခဲခဲ့တယ်။ ရလဒ်ကောင်းရဖို့အတွက်လဲရုန်းကန်ခဲ့ရတယ်။ ဘယ်လောက်ပဲအခက်အခဲတွေနဲ့ရင်ဆိုင်ရပါစေ ကျွန်မအနေနဲ့ အတတ်နိုင်ဆုံးအကောင်းဆုံးကြိုးစားခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# နည်းပြ တန်ဟတ်နှင့်တိုက်စစ်မှူးဆန်ချိုတို့ကြား ဆက်ဆံရေးတင်းမာမှုများ ပြင်းထန်လာခဲ့ပြီးနောက် ဆန်ချိုက အသင်းမှထွက်ခွာရန်ကြိုးပမ်းနေ

**မန်ချက်စတာ စက်တင်ဘာ ၄**

မန်ယူအသင်းနည်းပြ တန်ဟတ်နှင့် တိုက်စစ်မှူး ဆန်ချိုတို့ကြား ဆက်ဆံရေးတင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့ပြီးနောက် ဆန်ချိုက စာချုပ်ဖျက်သိမ်းပြီး အသင်းမှထွက်ခွာရန် ကြိုးပမ်းလျက်ရှိနေကြောင်း The Guardian သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်ချိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက ဒဏ်ရာပြဿနာများနှင့်ရုန်းကန်ခဲ့ရကာ နောက်ပိုင်းကာလများတွင်လည်း ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

လက်ရှိတွင် ဆန်ချိုနှင့် နည်းပြတန်ဟတ်တို့အကြား သဘောထားတင်းမာမှုများပြင်းထန်နေပြီး ဆန်ချိုအနေဖြင့် ဒဏ်ရာရရှိနေခြင်းမရှိသော်လည်း ပြီးခဲ့သည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် အရန်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

အာဆင်နယ်အသင်းနှင့်ပွဲစဉ်အပြီးတွင် နည်းပြတန်ဟတ်က ဆန်ချိုအနေဖြင့် လေ့ကျင့်ရေးအစီအစဉ်တွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့သည့်အတွက် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ကစားသမားစာရင်းမှ ချန်လှပ်ခံရခြင်းဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဆန်ချိုက "ကျွန်တော်လေ့ကျင့်ရေးအစီအစဉ်မှာ ပုံစံကောင်းပြသနိုင်ခဲ့ပါတယ်။ ကျွန်တော်အသင်းမှာ တရားခံတစ်ယောက်လို ခံစားနေရတာကြာနေပါပြီ။ နည်းပြတန်ဟတ်ရဲ့ ကျွန်တော့်အပေါ် ဆက်ဆံပုံက တရားမျှတမှုမရှိဘူးလို့ ခံစားရပါတယ်"ဟု ပြောကြားခဲ့သည်။

ဆန်ချိုအနေဖြင့် ယခုကဲ့သို့ ပွဲထွက်ခွင့် ပျောက်ဆုံးနေပါက လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းမှ သေချာပေါက်ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။

STA

# စားဝတ်နေမှုအစုစုတွင် မဖြစ်မနေကျင့်သုံးရမည့်ကျင့်စဉ်များ

စားဝတ်နေမှုအစုစုတွင် လူတိုင်းနေ့စဉ်မသုံးမဖြစ် သုံးနေရသည်မှာ စားရေးအတွက် စားသောက်ဖွယ်ရာများဖြစ်ကြသည်။ ဆန်၊ ဆီ၊ ဆားမှအစ ဟင်းသီးဟင်းရွက်၊ သားငါးများ၊ ဝတ်ရေးအတွက် အဝတ်အထည်မှာ မရှိမဖြစ် ဝယ်ကြရသည်။ နေရေးအတွက် အိုးအိမ်မှအစ ရေ၊ မီး စသည်ကို သုံးစွဲနေရသည်။ ယနေ့ခေတ်တွင် ယာဉ်တစ်မျိုးမျိုး မရှိလျှင်လည်း အဆင်မပြေပြန်။

စာရေးသူတို့ ငယ်စဉ်က ငွေအနည်းငယ်ဖြင့် ဈေးသွားလျှင်ရသည်။ ဟင်းသီးဟင်းရွက်၊ သားငါးသာဝယ်လျှင် ငွေနှစ်ကျပ်၊ သုံးကျပ်ပါရုံဖြင့် ဆွဲခြင်းအပြည့်ရခဲ့သည်။ အထည်ဝယ်ယူလိုလျှင်ပင် ငွေကျပ် ၂၀၊ ၃၀ ပါရသည်။ ထို့ပြင် ကုန်ဈေးနှုန်းမှာတည်ငြိမ်လျက်ရှိသည်။ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ် ကြာသည့်တိုင် ဈေးမတက်။ ထို့ကြောင့် စိတ်ချမ်းသာရပြီး လုပ်ငန်းများအောင်မြင်ခဲ့ရသည်။ ဤသည်ကို စာရေးသူ မန္တလေးတက္ကသိုလ်တက်စဉ် ၁၉၆၀-၁၉၆၄ ခုနှစ်က အခြေအနေ ပြောပြပါမည်။

**နှောင်းခေတ်စားဝတ်နေမှုအခြေအနေ**

စာရေးသူ တက္ကသိုလ်စတင်တက်သော ၁၉၆၀ ပြည့်နှစ်တွင် မန္တလေးမြို့၊ မန္တလေးတက္ကသိုလ်၏ မြောက်ဘက်ရှိ ဇောဓိကုန်းရပ်ကွက်တွင် နေခဲ့သည်။ မမကြည်ပိုင်သော ပတ္တမြားကျောင်းသားအိပ်ဆောင်တွင်နေသည်။ ၁၉၆၄ ခုနှစ် ဝိဇ္ဇာနောက်ဆုံးနှစ်ထိ ထိုအိပ်ဆောင်တွင်ပင်နေပြီး ကျောင်းတက်ကာ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ တစ်လ ထမင်းဖိုး ငွေကျပ် ၄၀၊ အဆောင်နေစရိတ် ငွေ ၁၀ ကျပ်ပင် ပေးရသည်။ တစ်နေ့ ထမင်းနှစ်နပ်ကျွေးသည်။ နံနက်ပိုင်း အသီးအနှံကြော်၊ ညနေခင်း အသားတစ်မျိုး ချက်ကျွေးသည်။ နေ့ခင်း မုန့်ပဲသရေစာ အဆာပြေစားလျှင်လည်း လမ်းမကြီးဘေးရှိ ကုန်စုံဆိုင်တွင် ဝယ်စားသည်။ ဖီးကြမ်းငှက်ပျောသီးတစ်လုံး ပြား ၂၀၊ မြေပဲယို၊ နှမ်းပျစ်တစ်ချပ် ငွေပြား ၂၀၊ တစ်မျိုးမျိုးဝယ်စားပြီး ရေသောက်လျှင် အဆာပြေသည်။ ဤသည်ကား စားရေးနှင့်နေရေး၊ ဝတ်ရေးတွင် သာမန်ကျောင်းတက်ချိန် ပုဆိုးတစ်ထည် ငွေရှစ်ကျပ်၊ အင်းလေးပိုးပုဆိုး တစ်ထည် ငွေကျပ် ၂၀ သာပေးရသည်။ အင်္ကျီကို သာမန်အဝတ်စ ချုပ်ဝတ်လျှင် ငွေငါးကျပ်ထက် မပိုပါ။

သွားလာရေးနှင့်ပတ်သက်၍ မန္တလေးတက္ကသိုလ်မှ ဈေးချိုသို့ ဘတ်စကားခ ပြား ၅၀ ဖြစ်သည်။ ဂိတ်ဆုံးစိန်ပန်းရပ်ကွက်ထိစီးလျှင် ငွေ တစ်ကျပ်သာပေးရသည်။ စာရေးသူဇာတိ မြင်းခြံမှမန္တလေး ကျောင်းလာတက်ရာ သမစိတ္တယာဉ်စီးသည်။ အသွား ငွေနှစ်ကျပ်၊ ပြန်လျှင်လည်း ငွေနှစ်ကျပ်၊ အိပ်ရာနှင့်သေတ္တာငယ်ဖိုး မပေးရ။ လမ်းတွင် အဆာပြေ တစ်မျိုးမျိုးစားလျှင် ၂၅ ပြားထက်မပိုပါ။

သို့ဖြင့် ကုန်ကျစရိတ်သက်သက်သာသာဖြင့် လေးနှစ်ကျောင်းတက်ပြီး ဘွဲ့ရခဲ့သည်။ စာရေးသူတို့ ကျောင်းသားများသာမဟုတ်ပါ။ ထိုခေတ်ကလူအားလုံး စားဝတ်နေမှုအစုစု အဆင်ပြေကြသည်။ ကုန်သည်များလည်း ချမ်းသာကြပြီး လက်လုပ်လက်စားများပင် ဆွဲကြိုး၊ လက်စွပ်၊ နားကပ် ဝယ်ယူပန်ဆင်နိုင်ကြသည်။

ဤသည်ကား လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်၊ ၇၀ က အခြေအနေ။ သမိုင်းဝင်စကားဆိုလျှင် မမှားပါ။ စားဝတ်နေမှုအစုစု အဆင်ပြေသက်သာရသည်ကို ဆက်လက်ပြောပြပါမည်။

**စားဝတ်နေမှုသက်သာရသည့်အကြောင်းရင်းများ**

ပထမအကြောင်းရင်းကို တင်ပြရလျှင် နှောင်းခေတ်က ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါမှအစ ဟင်းသီးဟင်းရွက်အဆုံး စိုက်ပျိုးသီးနှံအားလုံးကို ကျွဲနွားများသာ အသုံးပြုထွန်ယက်စိုက်ပျိုးကြသည်။ လယ်ယာခွင်တွင် စိုက်ပျိုးရာ၌ လက်စားလိုက်စနစ်ကျင့်သုံးကြသည်။ သူ့လယ်ကိုယ်စိုက်၊ ကိုယ့်လယ်သူစိုက်လုပ်ကြသည်။ ထို့ကြောင့် ထွန်ယက်စိုက်ပျိုးရာတွင် စိုက်ပျိုးရိတ်သိမ်း စသည့်စရိတ်များ သက်သာကြသည်။ သယ်ယူပို့ဆောင်ရာတွင် လှည်း၊ လှေ၊ မြင်းရထားများသာ အသုံးပြုကြသည်။ လုံ့လဝီရိယနှင့် လူစွမ်းအားကို အရင်းတည်ပြီး လုပ်ကိုင်ကြသည်။ ကျေးရွာမှမြို့လာလျှင် ၁၀ မိုင်ခရီးကိုပင် ခေါင်းရွက်ပြီး မိမိဟင်းသီးဟင်းရွက်ကို ရောင်းချကြသည်။ ထို့ကြောင့် အစစကုန်ဈေးနှုန်းမှာ သက်သာသည်။ ဆန်ကြမ်းတစ်ပြည် ၆၅ ပြား၊ ဟင်းသီးဟင်းရွက် မိသားစုတစ်စု တစ်နေ့စာအတွက် ၁၀ ပြား၊ ၁၅ ပြားသာ ပေးရသည်။

❖ ယနေ့လူတို့ ခံစားနေရသောအချက်မှာ စားဝတ်နေမှုအခက်အခဲ များပင်ဖြစ်သည်။ ထိုအခက်အခဲများကိုဖြေရှင်းရာတွင် ခြိုးခြံချွေတာစွာ သုံးစွဲခြင်းကိုကျင့်သုံးရမည်။ အစားကို ဝမ်းဗိုက်ကားအောင် မစားရန် လိုသည်။ မျက်စိအကျင့်၊ ဝမ်းအချင့်ဟူသောစကားအရ ဝမ်းကိုချင့်ချိန် စားရမည်။ ထိုအခါ ပို၍ကျန်းမာမည်။ အဝတ်မပလွှားရန် ဆင်ခြင်ရ မည်။ ယဉ်ကျေးမှုအရ လုံခြုံမှုရှိသောအဝတ်အစားများကို ဝတ်ဆင်ကြရ မည်။ အနေအထိုင်တွင် ကုန်ကျသင့်သည်ထက်မကုန်ကျစေရန် ငွေကြေး သုံးစွဲရာ၌ စည်းစနစ်ရှိရမည်။ ❖

ဒုတိယအကြောင်းရင်းမှာ လူနှင့်သက်ဆိုင်သည်။ ထိုခေတ်က လူများက လောဘမကြီးကြ။ စပါးပေါ်လျှင် သားရှင်ပြုမည်။ ဘုန်းတော်ကြီးကျောင်း ပြင်ဆောက်မည်။ ဘုရားလှူမည်။ ဤစိတ်များသာ များကြသည်။ ကိုယ့်ကုန်ကို ဈေးမြှင့်ရောင်းမည်။ မတရားစီးပွားရှာမည်ဟူသော စိတ်များအတော်နည်းကြသည်။

တတိယအကြောင်းရင်းမှာ တိုင်းပြည်ထွက်ကုန်များကို ဝန်းကျင်ရှိနိုင်ငံများသို့ ရောင်းချခြင်းမပြုသည်ကများသည်။ ဆန်၊ ဝါ စသည်လောက်သာ နိုင်ငံခြားသို့ ကုန်သည်ကြီးများက တင်ပို့ကြသည်။ ဒေသထွက် ဟင်းသီးဟင်းရွက်များအားလုံး နိုင်ငံခြားသို့မပို့ကြ။ သို့ဖြင့် ကုန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်။ ပြည်သူများ ဈေးသက်သက်သာသာဖြင့် စားကြရ၊ ဝတ်ကြရ၊ နေကြရသည်။ စားသုံးဆီသုံးစွဲမှုလည်း နည်းသည်။ မြေပဲကို ဆီကြိတ်ရာတွင် ဆုံဖြင့်နွားအသုံးပြုပြီး ကြိတ်သည်။

ဖော်ပြပါအကြောင်းအရပ်ရပ်ကြောင့် စားရေးနှင့်ပတ်သက်၍ သက်သာရသည်။ စားရေးက လူကို ဒုက္ခမပေးပါ။ ထို့အတူ ဝတ်ရေးနှင့်နေရေးကလည်း သက်သာချောင်ချိသည်။ ထို့ကြောင့် ကုန်ဈေးနှုန်းမှာ လေးနှစ်၊ ငါးနှစ် ကြာသည်ထိ ဈေးမတက်။ လူတို့စိတ်ဒုက္ခကင်းကြသည်။ ကုန်ဈေးနှုန်းက လူတို့၏စိတ်ကို မဖိစီးပေ။

**ယခုခေတ်စားဝတ်နေမှု အကြောင်းရင်းများ**

အဓိကအကြောင်းရင်းကြီး နှစ်ရပ်သာရှိသည်။ ပထမ အကြောင်းရင်းမှာ ပြည်တွင်းအကြောင်းရင်းများ၊ ဒုတိယအကြောင်းရင်းမှာ ပြည်ပအကြောင်းရင်းများ ဖြစ်ကြသည်။

**ပြည်တွင်းအကြောင်းရင်းများ**

စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါမှအစ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းပြုရာတွင် စက်မှုလယ်ယာစနစ် ကူးပြောင်းနေပြီဖြစ်၍ စက်ယန္တရားများအသုံးပြုကြသည်။ ထိုအခါ စက်များဝယ်ယူရခြင်း၊ စက်သုံးဆီသုံးစွဲရတော့သည်။ သို့ဖြင့် ကုန်ပစ္စည်းများ ဈေးကောင်းပေးဝယ်ရသည်။ ထို့ကြောင့် နှောင်းခေတ်က ဆန်ကြမ်းတစ်ပြည် ၆၅ ပြား၊ ယခု ဆန်ကြမ်းတစ်ပြည် ငွေကျပ် ၃၀၀၀ ခန့်ဖြစ်တော့သည်။ ချဉ်ပေါင်ရွက်တစ်စည်း ငါးပြားမှ ယခု ငွေကျပ် ၁၀၀ ဖြစ်နေပြီ။

တိုင်းပြည်ဝင်ငွေရရှိရေးအတွက် ပြည်ပသို့ တင်ပို့မှုဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများက စိုက်မစားကြတော့၊ ကမ္ဘာ့လူဦးရေကလည်း တိုးလာသည်ဖြစ်ရာ မြန်မာနိုင်ငံမှထွက်သော ဆန်၊ ပဲမှအစ တည်ငင်းသီး၊ မန်ကျည်းသီး၊ ဆီးသီးအဆုံး စိုက်ပျိုးထွက်ကုန်အားလုံး ပြည်ပသို့တင်ပို့ရောင်းချသဖြင့် နိုင်ငံခြားငွေရရှိသည့်အဖြစ်သို့ ရောက်သည်။

လူနှင့်သက်ဆိုင်သည့် အပိုင်းနှစ်ပိုင်းရှိသည်။ ပထမအပိုင်းမှာ ကောလာဟလထုတ်လွှင့်မှုဖြစ်သည်။ ကောလာဟလကြောင့် လူတို့က စိုးရိမ်လွန်ကဲကာ လိုသည်ထက်ပိုဝယ်သည်။ ကုန်သည်များက ဈေးနှုန်းမြှင့်ပြီး ရောင်းချတော့သည်။ ဒုတိယအပိုင်းမှာ ရာသီဥတုဖောက်ပြန်မှု၊ ပြည်တွင်းပဋိပက္ခများကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုဖြစ်ရသည်။ ထိုအခါ ဒေသများတွင် ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှမှုဖြစ်လာကာ ကုန်စည်များရှားပါးရတော့သည်။

**ပြည်ပမှအကြောင်းရင်းများ**

မြန်မာနိုင်ငံအပါအဝင် စွမ်းအင်မလုံလောက်သော နိုင်ငံများသည် ရေနံထုတ်လုပ်သော နိုင်ငံများမှ ဒီဇယ်၊ ဓာတ်ဆီများကို ဝယ်ယူသုံးစွဲကြရသည်။ ဤသည်ကို အခွင့်ကောင်းယူပြီး ကမ္ဘာ့ရေနံထုတ်လုပ်သော နိုင်ငံများက ရေနံဈေးနှုန်းများကို မြှင့်ပြီးရောင်းချကြသည်။ ရေနံထုတ်လုပ်မှုကို လျှော့ပြီးထုတ်လုပ်ကြသည်။ ထို့ကြောင့် ဓာတ်ဆီ၊ ဒီဇယ်ဈေးများကို ဈေးကြီးပေး၍ ဝယ်သုံးရသည်။ သို့ဖြင့် ကုန်ထုတ်လုပ်မှု၊ သယ်ယူစရိတ်မြင့်ရတော့သည်။ ရေနံဈေးမြင့်နေသမျှ စားဝတ်နေမှုကျပ်တည်းမည်ပင်။ ဤသည်ကား ပထမအချက်။

ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးမတည်ငြိမ်မှုကလည်း ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုရှိသည်။ ယူကရိန်းနိုင်ငံမှဂျုံများ ဥရောပသို့မပို့နိုင်စေရန် ဗုံးကြဲခံရသောအခါ ကမ္ဘာ့ဂျုံဈေးတက်သည်။ ဂျုံထွက်သည့်နိုင်ငံအချို့ကလည်း ပြည်တွင်းစားသုံးရန်သိုလှောင်ကြသည်။ ပြည်ပသို့မရောင်းချတော့။ ထိုအခါ မြန်မာနိုင်ငံအတွင်း ဂျုံဖြင့်ပြုလုပ်သောမုန့်များ ဈေးကြီးခဲ့သည်။ ဤသည်ကား ဒုတိယအချက်။

ယနေ့ခေတ် စစ်ပွဲများသည် နှောင်းခေတ်ကကဲ့သို့ ဗုံးကြဲရုံမျှမဟုတ်တော့။ တစ်ဖက်နိုင်ငံ၏စီးပွားရေး ဒုက္ခရောက်စေရန် ပိတ်ဆို့မှုများပြုတော့သည်။ ငွေကြေးလွှဲပြောင်းမှုများပိတ်၊ ကုန်ပစ္စည်းရောင်းဝယ်မှုများ ရပ်ဆိုင်း၊ စက်သုံးဆီကဲ့သို့ အဓိကပစ္စည်းရောင်းချမှုများကန့်သတ်ရန် ဖိအားပေး စသည်ပြုတော့သည်။ ထိုအခါ ကမ္ဘာသို့ပင် ဂယက်ရိုက်ခတ်ခံရတော့သည်။ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံလည်း မလွတ်တော့။ ဤသည်ကား ပြည်ပ၏တတိယအချက်။ ဖော်ပြပါအကြောင်းကြီးသုံးရပ်ကြောင့် မြန်မာပြည်သူများအပါအဝင် စီးပွားရေးနိမ့်ကျသောနိုင်ငံများမှ ပြည်သူများ စားဝတ်နေမှုခက်ခဲရပေတော့သည်။

**မဖြစ်မနေကျင့်သုံးရမည့်ကျင့်စဉ်များ**

ယနေ့လူတို့ ခံစားနေရသောအချက်မှာ စားဝတ်နေမှု အခက်အခဲများပင်ဖြစ်သည်။ ထိုအခက်အခဲများကိုဖြေရှင်းရာတွင် ခြိုးခြံချွေတာစွာ သုံးစွဲခြင်းကို ကျင့်သုံးရမည်။ အစားကို ဝမ်းဗိုက်ကားအောင် မစားရန်လိုသည်။ မျက်စိအကျင့်၊ ဝမ်းအချင့်ဟူသော စကားအရ ဝမ်းကိုချင့်ချိန်စားရမည်။ ထိုအခါ ပို၍ကျန်းမာမည်။ အဝတ်မပလွှားရန် ဆင်ခြင်ရမည်။ ယဉ်ကျေးမှုအရ လုံခြုံမှုရှိသော အဝတ်အစားများကို ဝတ်ဆင်ကြရမည်။ အနေအထိုင်တွင် ကုန်ကျသင့်သည်ထက် မကုန်ကျစေရန် ငွေကြေးသုံးစွဲရာ၌ စည်းစနစ်ရှိရမည်။

ဒုတိယအချက်မှာ စားသုံးဆီလျှော့စားရမည်။ စားသုံးဆီလျှော့စားသော ပလောင်တိုင်းရင်းသားများ အသက်ပိုရှည်ကြသည်။ ရောဂါကင်းလျှင် ဆေးဝါးစရိတ် ကုန်ကျမှုသက်သာမည်။

တတိယအချက်မှာ တိရစ္ဆာန်အသားများ နေ့စဉ် ၂၀ ရာခိုင်နှုန်း၊ ဟင်းသီးဟင်းရွက် ၈၀ ရာခိုင်နှုန်းသာ စားလျှင် စားစရိတ်များစွာသက်သာမည်။ ဂျပန်နိုင်ငံသည် ချမ်းသာသောနိုင်ငံဖြစ်ပြီး ဆီနှင့်တိရစ္ဆာန်အသားများ အစားများခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကင်ဆာရောဂါကြောင့် ဦးရေ ၃၈၆၀၀၀ သေဆုံးခဲ့သည်။ သေဆုံးသူအားလုံး၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ၂၀၂၃ ခုနှစ် ဇွန် ၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် စာရေးသူဖတ်ခဲ့ရသည်။ ထို့ကြောင့် တိရစ္ဆာန်အသားများလျှော့စားလျှင် ရောဂါကင်းပြီး ကုန်ကျစရိတ်သက်သာပါမည်။

စတုတ္ထအချက်မှာ စက်သုံးဆီများလျှော့သုံးရေးဖြစ်သည်။ ကျေးလက်နေပြည်သူများပင် စက်သုံးဆီများစွာသုံးနေကြသည်။ မည်သည့်နေရာသို့မျှ ခြေကျင်မသွားတော့။ ဆိုင်ကယ်၊ ကားကို လှိုင်လှိုင်သုံးနေကြသည်။ မြို့ပေါ်တွင် Taxi သို့မဟုတ် ကိုယ်ပိုင်ကားဖြင့်သွားကြသည်။ သို့ဖြင့် တစ်အိမ်ထောင်၏ ကုန်ကျမှုမြင့်မားပြီး စက်သုံးဆီပိုကုန်ရသည်။

ပဉ္စမအချက်မှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး၊ မိသားစုတိုင်းဆောင်ရွက်ရေးဖြစ်သည်။ အိမ်ဝန်းကျင် မြေပိုရှိလျှင် သို့မဟုတ် နေရာအနည်းငယ်ရှိလျှင် နှစ်ရှည်၊ နှစ်လတ်နှင့်လက်ငင်းစားသုံးရန် သစ်ပင်များစိုက်ကြရပါမည်။ မိမိစိုက်ထားလျှင် မဝယ်ဘဲစားရပြီး ကုန်ကျစရိတ် သက်သာရသည်။

ဆဋ္ဌမအချက်မှာ ဝင်ငွေတိုးပွားရေး အစဉ်ကြံဆဆောင်ရွက်ရပါမည်။ လိုလျှင်ကြံဆ နည်းလမ်းရပါသည်။ ကြံဆရန်နှင့်လုံ့လဝီရိယဖြင့်ဆောင်ရွက်ရန်သာလိုသည်။ အကျယ်မရေးတော့ပါ။ တွေးကြည့်ပါ။ အကြံဉာဏ်ရရှိပါမည်။ တစ်ရေးနိုးသော်အကြံပေါ်ပေါ်သည့်အကြံ ငွေကျပ်တစ်သိန်း တန်ပါသည်။ ဘာသာတရားနှင့်မဆန့်ကျင်သော ငွေတိုးပွားနည်းဖြစ်ရပါမည်။

ဖော်ပြပါအချက်များကို မဖြစ်မနေကျင့်သုံးလျှင် ကျင့်နိုင်သမျှ အကျိုးတရားများ ခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**မြင်းခြံကျော်အောင်**

# မိတ္ထီလာမြို့ရှိ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦး ဘုရားပွဲတော်ကို ရိုးရာလောင်းလှေပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်



**မိတ္ထီလာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်ကို ရိုးရာလောင်းလှေပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော် ဂေါပကအဖွဲ့ဝင် ဦးတင်လှိုင်က ပြောပြ၍ သိရသည်။

မိတ္ထီလာမြို့ရှိ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦး ဘုရားပွဲတော်ကို အကြိမ် (၁၄၀) မြောက်အဖြစ် ယခုနှစ် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဘုရားပွဲတော်ရက်များတွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို ထည့်သွင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့ ကျက်သရေဆောင် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်ကို လာမဲ့ စက်တင်ဘာ ၂၂ ရက်က စတင်ပြီးတော့ ကျင်းပမှာဖြစ်ပါတယ်။ ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်ကိုတော့ မိတ္ထီလာမြို့နဲ့ အနီးဝန်းကျင်မြို့တွေက ဘုရားဖူးတွေ လာရောက်လေ့ရှိပါတယ်။ ဒီနှစ်မှာလဲ စည်စည်ကားကားကျင်းပသွားမှာဖြစ်ပါတယ်။ အစဉ်အလာအတိုင်း ရိုးရာလောင်းလှေပြိုင်ပွဲကို ထည့်သွင်းကျင်းပမှာပါ။ ပြိုင်ပွဲဝင်လှေအသင်းတွေကို စက်တင်ဘာ ၁ ရက်ကတည်းက စတင်ဖိတ်ခေါ်နေပါပြီ။ ပြိုင်ပွဲဝင်စာရင်းတွေကို စက်တင်ဘာ ၁၄ ရက်မှာ စာရင်းပိတ်မှာဖြစ်ပါတယ်"ဟု ဦးတင်လှိုင်က ပြောပြသည်။

အဆိုပါ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်းများအား ပထမဆုအဖြစ် ငွေကျပ် ၅၀၀၀၀၀၊ ဒုတိယဆုအဖြစ် ငွေကျပ် ၃၀၀၀၀၀၊ တတိယဆုအဖြစ် ငွေကျပ် ၂၀၀၀၀၀ အသီးသီးချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးဘုရားပွဲတော်ကို ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ဘုရားပွဲဈေးတန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိကြောင်း သိရသည်။

ASH

# သိုက်မား ဇာတ်လမ်းတွဲကို စက်တင်ဘာ ၉ ရက်တွင် SKY NET နှင့် SKY PREMIER HD ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၄**

သိုက်မား ဇာတ်လမ်းတွဲကို စက်တင်ဘာ ၉ ရက်တွင် SKY NET နှင့် SKY PREMIER HD ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ဇော်ထွန်းက ပြောပြ၍ သိရသည်။

သိုက်မား ဇာတ်လမ်းတွဲ၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို ဖိုးကျော် (သန်လျင်)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇော်ထွန်းက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းကို SKY NET နှင့် SKY PREMIER HD ရုပ်သံလိုင်းတို့မှ စက်တင်ဘာ ၉ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၉ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာသိုင်းကားလို့ ပြောလို့ရတဲ့ ဇာတ်လမ်းတွဲလေးတစ်ခုပါ။ သိုင်းကားကြိုက်တဲ့ ပရိသတ်တွေကို မြန်မာ့သိုင်းကား အရသာတစ်ခုပေးလိုက်တာပါပဲ။ ဇာတ်လမ်းကတော့ သိုက်မားကိုပူးကပ်ပြီး လိုအပ်နေတဲ့ လူတွေကို ကူညီနေတဲ့ ဝိညာဉ်တစ်ခုရဲ့အကြောင်းပါ။ ဆုတောင်းပြည့်ပြီး အန္တရာယ်များတဲ့သိုက်မားကနေ ဘယ်လိုအကြောင်းအရာတွေ ဖြစ်ပေါ်လာမလဲ စောင့်မျှော်အားပေးကြပါ"ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

သိုက်မား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထူးနိုင်၊ ကျော်ဇောဟိန်း၊ လွင်ဗိုလ်၊ ရဝိန်၊ ကြယ်စင်ရှိုင်း၊ နန်းထိပ်ထားဦး၊ ပန်းကဗျာကျော် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲကို စက်တင်ဘာလအတွင်း CANAL+ ZAT LENN Channel မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၄**

ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲကို စက်တင်ဘာလအတွင်း CANAL+ ZAT LENN Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဩရသက ပြောပြ၍ သိရသည်။

ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲသည် အိမ်ထောင်ရေးပညာပေး ဒရာမာဇာတ်လမ်းတွဲဖြစ်ပြီး ဒါရိုက်တာ ဩရသက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာဇာတ်လမ်းတွဲကောင်းတွေကို ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေအတွက် CANAL+ က မြန်မာဇာတ်လမ်းတွဲကောင်းလေးတစ်ခုအနေနဲ့ ထုတ်လွှင့်ပြသဖို့ ရိုက်ကူးထားပြီးဖြစ်ပါတယ်။ ဇာတ်လမ်းတွဲလေးရဲ့ နာမည်ကိုတော့ ရမ္မက်တိမ်တောင်လို့ ပေးထားပါတယ်။ အိမ်ထောင်ရေးပညာပေး ဇာတ်လမ်းတွဲလေးပါ"ဟု ဒါရိုက်တာ ဩရသက ပြောပြသည်။

ရမ္မက်တိမ်တောင် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရဲရင့်သော်၊ သံသာမိုးသိမ့်၊ ငွန်သံစဉ်၊ လီလီကျော်ခိုင်နှင့် အမ်မလီဘိုတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး သရုပ်ဆောင် ကျော်ရဲအောင်က ဧည့်သရုပ်ဆောင်အဖြစ် ပါဝင်ထားကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကား ၂၀၂၃ ခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် အောက်တိုဘာ ၄**

ဝါနာဘရားသားကုမ္ပဏီ၏ Barbie ဇာတ်ကားသည် The Super Mario Bros. Movie ဇာတ်ကားကို ကျော်ဖြတ်၍ ၂၀၂၃ ခုနှစ်၏ ကမ္ဘာတစ်ဝန်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Barbie ဇာတ်ကားသည် စက်တင်ဘာ ၁ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံထိရှိလာခဲ့သည်။

အထက်ပါဝင်ငွေအတိုင်းအဆအရ Barbie ဇာတ်ကားသည် The Super Mario Bros. Movie ကို ကျော်ဖြတ်၍ ၂၀၂၃ ခုနှစ်၏ ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယူနီဗာဆယ်ကုမ္ပဏီ၏ The Super Mario Bros. Movie ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံရှိကြောင်း သိရသည်။

Barbie ဇာတ်ကားသည် ပြီးခဲ့သည့်သီတင်းပတ်ကလည်း The Super Mario Bros. Movie ကို ကျော်ဖြတ်၍ ၂၀၂၃ ခုနှစ်၏ ပြည်တွင်းဝင်ငွေ အကောင်းဆုံးဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO



# Taylor Swift: The Eras Tour ကြိုတင်လက်မှတ်ရောင်းရငွေ ကန်ဒေါ်လာ ၃၆ သန်းရှိ

**နယူးယောက် အောက်တိုဘာ ၄**

ကမ္ဘာကျော် အမေရိကန်အမျိုးသမီးပေါ့အဆိုတော် တေလာဆွစ်၏ Taylor Swift:The Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားသည် စက်တင်ဘာ ၂ ရက်တွင် အမေရိကန်ဒေါ်လာ ၃၆ သန်းထိရှိလာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

တေလာဆွစ်၏ The Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းရငွေသည် လက်မှတ်များ စတင်ရောင်းချပြီး ၂၄ နာရီအတွင်း ရောင်းအား အမေရိကန်ဒေါ်လာ ၃၆ သန်းထိရှိလာခြင်းဖြစ်ကြောင်း သိရသည်။

The Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားသည် Star Wars:The Force Awakens ဇာတ်ကား၏ ကြိုတင်လက်မှတ်ရောင်းအားထက် နှစ်ဆပို၍ မြင့်မားခဲ့ကြောင်း သိရသည်။

The Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ဇာတ်ကားကို လာမည့် အောက်တိုဘာ ၁၃ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Taylor Swift:The Eras Tour ဂီတဖျော်ဖြေပွဲရုပ်ရှင်ဇာတ်ကားကို လော့စ်အိန်ဂျလိစ်မြို့ရှိ ဆိုဖီအားကစားရုံ၌ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# Myanmar acts as moderator in ASEAN Women CEO Forum



A photo session after the ASEAN Women CEO Forum.

**Yangon September 4**

Myanmar participant acted as a moderator at the ASEAN Women CEO Forum under the title of Financing Opportunities: The Pathway to Women's Empowerment in Indonesia, according to the UMFCCI.

The forum took place at Hotel Ritz Carlton Pacific Place in Jakarta of Indonesia on 2 September. UMFCCI General Secretary Daw Khaing Khaing Nwe acted as a moderator together with speakers Ms. Shinta Kamdani (CEO of Sintesa Group and Chairwoman of the Employers Association of Indonesia (APINDO), Ms Hafimi Abdul Haadii (Executive Director of LVK Group of Companies), Ms Christine Yu(Co-Founder of Sophia) and Ms Susli Lie (Partner at Monks Hills Ventures).

The speakers discussed barriers and bias causing weakness of women's role in in monetary sector, solving the best ways for them, enhancement of women's capacity, cooperation of private sector in creation of an environment to contributing to the women's entrepreneurship and monetary management, financial assistance to gender response, policies of improving the investment practices, digital transformation, and help for women entrepreneurs in monetary sector.

Prominent women businesspersons, intellectuals and intelligentsia from ASEAN member states and dialogue partner countries participated in the forum.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than US$160 million earned in export of 370,000 tons of rice and broken rice from April to August

**Nay Pyi Taw September 4**

Myanmar exported more than 370,000 tons of rice and broken rice to customer countries from April to August this financial year, earning more than US$160 million, according to the Myanmar Rice Federation.

During the period, Myanmar sent 379,384 tons of rice and broken rice and bagged US$ 166 million of incomes.

In this regard, 87,648 tons of rice and broken rice were sold in April, 110,706 tons in May, 62,725 tons in June, 58,334 tons in July and 59,973 tons in August.

The federation manages stability of rice prices in the domestic market, and the government-private working group was formed to take registration of rice and paddy storage.

Hence, anyone storing more than 5,000 baskets of rice and paddy has to take registration for warehouses, and if not, they will face legal action.


Bags of rice being loaded onto a ship.

Myanmar primarily exports rice and broken rice to China. Other customer countries do not purchase Myanmar's rice and broken rice regularly. These rice and broken rice flow out to China through maritime and border trade routes.

336

# 167 vessels used in transport of raw materials from Mandalay to Yangon, Bhamo in August

**Mandalay September 4**

Raw materials were transported from Mandalay port to Yangon and Bhamo by 167 vessels in August, said deputy staff officer Daw Tin Tin Tun of the Mandalay Region Directorate of Marine Administration.

The port handles transport of raw materials such as maize, sugar, cement, coal, salt and so on. In August, a total of 1,362.74 tons of raw materials were transported from Mandalay to Yangon, Bhamo and other major cities.

"Currently, arrivals of raw materials slightly increase at Mandalay port. Most of them are cement, pebble and salt," she added.

It was reported that due to increasing the commodities at Mandalay port, vessels need to restrict overloads of commodities. If not, vessels will face danger in the waterway.

At present, Ayeyawady River is at the high level of water, vessels need to drive in the water by checking navigation signs on the banks and in the water for safety of commodities and passengers.

184


Cargo being uploaded onto a ship at a jetty.

# Some agricultural produce, some marine products allowed for export through Sittway camp as from 4 September

**Nay Pyi Taw September 4**

The Trade Department on 1 September stated that some agricultural and marine products will be allowed for export through Sittway camp from 4 September.

It aims to develop trade process with other country. Sittway border trade camp will allow export of rice, broken rice pulses and beans, sesame, groundnut and onion as well as freshwater and seawater fish starting from 4 September.

Sittway camp manages border trade with Bangladesh. During the period from April to 25 August this year, the camp handled US$2.318 million of trade volume comprising US$1.485 million worth of export goods and US$0.831 million worth of import goods, with US$0.652 million of trade surplus.

In a week from 19 to 25 August this year, the camp managed export of goods worth US$0.0932 million without import products.

Although Myanmar and Bangladesh is located some 70 nautical miles of distance, cargo boats are being operated in monsoon, depending on the sea conditions.

336

# YRIC approves 45 new local and foreign investments from January to August



The worksite of a garment factory.

**Yangon September 4**

Yangon Region Investment Committee allowed 45 Myanmar citizen and foreign investments from January to August 2023, most of which are CMP based garment industries, said director U Myo Khaing Oo of the Region Directorate of Investment and Company Administration.

These investments comprise industries, garment, hotel service, services and manufacturing, in addition to CMP based garment industries.

"During the eight month period, the region committee approved a large number of garment industries to create jobs for 18,603 workers," said the director.

Currently, CMP garment industries in Myanmar are mostly invested by China, followed by China (Taipei), Thailand, Korea and Japan. CMP garment products are exported to Thailand, China, Singapore and European countries.

Most of the CMP garment industries are located in Yangon Region. These are 505 garment factories, 48 footware factories, eight synthetic hair factories and other 177 factories including bag making, sport suits, sport shoes and stockings and others under the prescribed rules and regulations.

ASH

# Chandrayaan-3: Isro puts India's Moon lander and rover in 'sleep mode'

**Delhi September 4**

India's lunar lander and rover have been put to bed as the Sun begins to set on the Moon, the country's space research agency Isro has said.

They have been put in "sleep mode" and "will fall asleep next to each other once the solar power is depleted and the battery is drained", it said.

Isro added that it hoped they would reawaken "around 22 September" when the next lunar day starts.

The lander and rover need sunlight to charge their batteries and function.

The Vikram lander - carrying a rover called Pragyaan in its belly - touched down on the Moon's little-explored south pole on 23 August.

With that India became the first country to land near the lunar south pole. It also joined an elite club of countries to achieve a soft landing on the Moon, after the US, the former Soviet Union and China.

The Indian space agency has been providing regular updates on the lander and the rover's movements and findings and sharing images taken by them.

BBC

# Ayeyawady Region has good prospect for booming tapioca cultivation

**Pathein September 4**

Ayeyawady Region has a good prospect for booming tapioca cultivation, according to the Region Consumer Affairs Department.

As cultivation techniques are being provided to the Southeast Asian countries for the improvement of tapioca cultivation, countries such as Vietnam, Thailand, Laos, Cambodia and Indonesia are earning more income from that cultivation thereby contributing to the economy of local growers.

Blessed with favourable conditions, Ayeyawady Region grows a tapioca crop most in Myanmar. It is commercially grown in 12 of the townships of the region.

The region grows two species of tapioca—Myanmar and foreign. More than 30,000 acres of tapioca are grown yearly and more than 117 viss of tapioca are produced yearly.

Tapioca is used in various forms such as dried tapioca, powder, animal feedstuff and a fuel. Those products are sold both locally and internationally. They are exported through local export companies.

Now, the region has extended the cultivation of tapioca and the Consumer Affairs Department, related departments and Tapioca Association are cooperating in the effort for tapioca cultivation development. Thus, there are good prospects for the development of such a crop.

336



Photo shows samples of tapioca.

# Gilberto Hernández: Panama national team footballer killed by gunmen

**Panama September 4**

A player for Panama's national football team has been shot dead in the city of Colón.

Gunmen opened fire on a group of people, among them 26-year-old Gilberto Hernández, who had gathered in a building in the city.

Hernández died and seven others were injured in the attack.

It is not yet clear if the footballer, who also played for Club Atlético Independiente, was the target of the shooting or what the motive was.

There has been a rise in murders in Colón over the past months as two rival gangs fight for control of lucrative drug smuggling routes.

So far, more than 50 people have been killed in Colón, a city of 40,000 inhabitants, so far this year.

The port city, on the north entrance to the Panama canal, is a transit point for cocaine smuggled from South America through Panama to Europe.

The shooting happened on Sunday afternoon local time.

Two gunmen forced a taxi driver to take them to a building in the city's Barrio Norte neighbourhood and opened fire on the group gathered there.

The gunmen fled the scene.

Gilberto Hernández had made his debut in the Panamanian national side in March this year in a match against Guatemala.

BBC



: Gilberto Hernández played in a friendly against Argentina in March. GETTY IMAGES

# Plan to conduct basic tailoring course free of charge

**Mandalay September 4**

Mandalay Region SME Industries Department decided to conduct the basic tailoring course for rural people free of charge to contribute to their livelihoods, and it will last for 15 days, according to the region department.

The training course aims to improve employment opportunities from rural people of Indaing Village in Kyaukse Township. The course will admit 20 trainees. Trainers will start the course on 6 September, and it will comprise practical and theoretical works during the 15-day period, said director U Win Bo of the region department.

"We will open the basic tailoring course in Indaing Village of Kyaukse Township. It aims to produce clothes in new designs and marketable clothes. Local women will have the chance to operate manageable scale businesses based on advanced tailoring techniques for increasing their family incomes. A plan is underway to provide machinery to the female trainees wishing to operate their businesses in the society. The course will be conducted under the Covid-19 protocols of the Ministry of Health," the director explained.

The course will comprise subjects on handling the sewing machines, practical training, basic tailoring, women clothes, skirt making, child clothes and others.

185

# ရုရှားကိုဆုတ်ယုတ်စေရန် အမေရိကန်က ယူကရိန်းကိုအသုံးချမှု မအောင်မြင်



**ယမန်နေ့မှအဆက်**

စီးပွားရေးသည် ယခုနှစ်တွင် နှစ်ရာခိုင်နှုန်းကျော် တိုးတက်ရန် လမ်းကြောင်းပေါ်ရောက်ရှိနေကြောင်း၊ အဖွဲ့ဝင်နိုင်ငံ ၂၀ ပါသော ဥရောပဇုန်သည် သမိုင်းကြောင်းအရ မြင့်မားသော ငွေကြေးဖောင်းပွမှုနှင့် လူနေမှုအဆင့်အတန်းများ ကျဆင်းနေချိန်တွင် စီးပွားရေးပါတစ်ပါတည်း ကျဆင်းသွားခဲ့သည်။

ကျွန်ုပ်တို့သည် အကျပ်အတည်းများကြားမှ ပေါ်ထွက်လာပြီး လျင်မြန်ဖွံ့ဖြိုးတိုးတက်လာနိုင်မှု အလားအလာသည် ယနေ့စံနှုန်းများအနေအထားအရ အခြေအနေကောင်းမွန်လျက်ရှိသည်ဟု ကရင်မလင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ရုရှား၌ ဩဂုတ် ၃ ရက်က လူငယ်ဖိုရမ်တစ်ခုတွင် ပြောကြားခဲ့သည်။

“ဒါက ထူးခြားတဲ့အခြေအနေပါ။ ဒါက ဘယ်လိုဖြစ်နိုင်သလဲ။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ပြည်သူတွေ ဒီလိုမျိုးစုစည်းအင်အားနဲ့ တုံ့ပြန်လုပ်ဆောင်နိုင်တယ်ဆိုတာ၊ ဘယ်မှာရှာတွေ့နိုင်မလဲဆိုတာ ညီငယ်၊ ညီမငယ်တို့ လေ့လာကြည့်နိုင်ပါတယ်”ဟု ၎င်းက ထပ်လောင်းပြောကြားသွားခဲ့သည်။

ရုရှားသည် စွမ်းအင်များရောင်းချမှုမှ ဝင်ငွေရရှိမှုမြင့်တက်လာခြင်း အကျိုးကျေးဇူးများခံစားခဲ့ရပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုမှဝင်ငွေ ၂၈ ရာခိုင်နှုန်းထိ ရရှိခဲ့ကြောင်း အစိုးရက ပြီးခဲ့သည့်နှစ်တွင်ဖော်ပြခဲ့ပြီး စီးပွားရေးအရ ပိုမိုကွဲကွဲပြားပြားသိနားလည်နိုင်စေရန် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။ ယူကရိန်းအကျပ်အတည်းကြောင့် အနောက်နိုင်ငံများက ရုရှားစွမ်းအင်အပေါ် ၎င်းတို့၏မှီခိုအားထားမှုကို ဖြတ်တောက်ရန် သို့မဟုတ် ဖယ်ရှားပစ်ရန် လှုံ့ဆော်ပေးခဲ့သကဲ့သို့ တစ်ဖက်ကလည်း ၎င်းအချက်သည် ရုရှား၏ ရန်သူနိုင်ငံများထံ ပထဝီဝင်နိုင်ငံရေးအရ ထိခိုက်စေသည့်ဈေးကွက်များသို့ တင်ပို့ရောင်းချပေးနေသည့် ရုရှား၏အားနည်းချက်ကို ထိရောက်စွာ လျှော့ချလုပ်ဆောင်လာနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ဖြစ်ပေါ်လာသည့် ကွက်လပ် (ဟာကွက်များ)ကို ဖြည့်ဆည်းရန် အခြားနိုင်ငံများသို့ တင်ပို့မှုကို အရှိန်မြှင့်ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ အပါအဝင် ရန်လိုခြင်းမရှိသော မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်သော ကုန်သွယ်မှုဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ကြသည်။ အာရပ်စော်ဘွားများပြည်ထောင်စုသို့ တင်ပို့ရောင်းချမှုမှာလည်း မြင့်တက်ခဲ့ကြောင်း Bloomberg သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စုသည် ရုရှားဦးဆောင်သော ယူရေးရှားစီးပွားရေးသမဂ္ဂနှင့် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်အတွက် ရုရှားနှင့်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံထံမှ သွင်းကုန်ဖြတ်တောက်ထားသော နိုင်ငံများသည် စီးပွားရေးအရ ဈေးကြီးပေးဝယ်ယူသုံးစွဲနေကြရသည်။ ဥပမာအားဖြင့် ယူကရိန်းအကျပ်အတည်းစတင်ပြီးနောက်တွင်သာ အောင်မြင်သည့် အသွင်ကူးပြောင်းမှုတစ်ခုဖြစ်သည့် ရုရှားဓာတ်ငွေ့ကို မှီခိုနေရသည့် ဂျာမနီနိုင်ငံကို ဆက်ဆံရေးဖြတ်တောက်ရန် အမေရိကန်က ကာလရှည်ကြာ ဖိအားပေးခဲ့ပြီး စီးပွားရေးမဟာဗျူဟာမြောက်စွမ်းအင်အခြေခံအဆောက်အအုံ Nord Stream ပိုက်လိုင်းများကို ပင်လယ်ရေအောက်မှ ဗုံးခွဲတိုက်ခိုက်ခြင်းဖြင့် ဖျက်ဆီးခံခဲ့ရသည်။ ရလဒ်အနေဖြင့် အမေရိကန်နိုင်ငံ စွမ်းအင်သတင်းအချက်အလက် အုပ်ချုပ်ရေးအဖွဲ့ (US Energy Information Administration) ထုတ်ပြန်ချက်များအရ ယခင်နှစ် ရုရှားဓာတ်ငွေ့များထက် ပိုမိုဈေးကြီးသော အမေရိကန်ထုတ် Liquefied Natural Gas သဘာဝဓာတ်ငွေ့ အရည်တင်ပို့မှုသည် ၁၁၉ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့သည်။ ဥရောပတိုက်သားများသည် မြင့်မားသော လောင်စာဆီဈေးနှုန်းများသုံးစွဲရမှုကြောင့် လူနေမှုကုန်ကျစရိတ်မြင့်တက်လာပြီး အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီသည် ယခုနှစ် ဆောင်းရာသီတွင် အေးလွန်းပါက ဥရောပသမဂ္ဂသည် ဓာတ်ငွေ့ပြတ်တောက်မှုအလားအလာနှင့် ရင်ဆိုင်ရနိုင်သည်ဟု ပြီးခဲ့သည့်လက သတိပေးခဲ့ရသည်ထိ ဖြစ်လာခဲ့တော့သည်။

ယူကရိန်းနိုင်ငံတွင် ယခင်နှစ်အစောပိုင်းက ဖြစ်ပွားခဲ့သော ပဋိပက္ခများနောက်ပိုင်းတွင် အနောက်နိုင်ငံများမှ ကော်ပိုရေးရှင်းများက အစုရှယ်ယာများထုတ်ကာ ရုရှားနိုင်ငံကို အပြစ်ပေးခြင်းဖြင့် ၎င်းတို့၏ ကျင့်ဝတ်စည်းကမ်းလိုက်နာမှုအပေါ် ဖယ်ကြဉ်၍ အသီးသီး နှုတ်ဆက်ထွက်ခွာသွားခဲ့ကြသည်။ ထိုသို့သော ထွက်ခွာမှုများအပေါ် ရုရှားတုံ့ပြန်မှုသည် ယူကရိန်းနိုင်ငံ၏ အနောက်တိုင်းထောက်ခံသူများ မျှော်လင့်ထားသကဲ့သို့ စားသုံးသူများအတွက် ဆုံးရှုံးနစ်နာမှုများစွာမဖြစ်စေဘဲ နိုင်ငံကို စီးပွားရေးအရ စားနပ်ရိက္ခာ ပိုမိုဖူလုံစေခဲ့သည်။

ဥပမာအားဖြင့် ရုရှားနိုင်ငံ၏ အကြီးမားဆုံး ကားထုတ်လုပ်သူ AvtoVAZ ကုမ္ပဏီသည် စိန့်ပီတာစဘတ်မြို့ရှိ Nissan ကားစက်ရုံကို လွှဲပြောင်းရယူခဲ့သည့်အချိန်မှစကြည့်မည်ဆိုလျှင် ၂၀၂၃ ခုနှစ် ပထမ ခုနစ်လအစောပိုင်းကထက် ၅၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ကုမ္ပဏီ၏ LADA အမှတ်တံဆိပ် မော်တော်ယာဉ်ရောင်းအားသည် အလားတူကာလတွင် အစီးရေ ၁၇၃၀၀၀ ခန့်ထိ ရောက်ရှိကာ နှစ်ဆတိုးတက်လာခဲ့သည်။ ရုရှားနိုင်ငံ၏ စုစုပေါင်းကုန်ထုတ်လုပ်မှုသည် ယခုနှစ်တွင် ၁၂ ရာခိုင်နှုန်း မြင့်တက်လာသည်။

ရုရှားနိုင်ငံ ဈေးဝယ်စင်တာများသို့ လာရောက်လည်ပတ်သူများသည် အနောက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများ အစုလိုက်အပြုံလိုက်ဆုတ်ခွာရုပ်သိမ်းမှုများ၏ ညင်သာသောသက်ရောက်မှုများကိုသာ သတိပြုမိကြမည်ဖြစ်သည်။ Zara ကဲ့သို့သော နာမည်ကြီး နိုင်ငံတကာအမှတ်တံဆိပ်အချို့ ရုရှားနိုင်ငံမှထွက်ခွာသွားခဲ့ပြီး အချို့မှာ ရုရှားနိုင်ငံသား စီးပွားရေးလုပ်ငန်း၊ ပိုင်ရှင်များနှင့် နာမည်သစ်များဖြင့် ထွက်ပေါ်လာခဲ့ကြသည်။ ဥပမာအားဖြင့် Starbucks သည် ယခုအခါ Stars Coffee အမည်ဖြင့် ဆက်လက်လည်ပတ်လုပ်ကိုင်နေပြီး Reserved အဝတ်အထည်လုပ်ငန်းကို RE အဖြစ် ပြန်လည်တံဆိပ်ကပ်ထားသည်။ Levis သည် ယခုအခါ JNS ဖြစ်သည်။ စတိုးဆိုင်များ၊ အလှဆင်ခြင်းလုပ်ငန်းများနှင့် ကုန်ပစ္စည်းများတွင် ကြီးမားစွာ ပြောင်းလဲခြင်းမရှိပေ။

McDonald's နှင့် KFC အပါအဝင် အမြန်စားအစားအစာဆိုင်ခွဲများကိုလည်း အမည်နာမအမျိုးမျိုးဖြင့် ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ အမေရိကန်ထုတ် Coca-Cola ကဲ့သို့သော အချိုရည်စားသောက်ကုန်လုပ်ငန်းများ ရုရှားတွင် ရောင်းချခြင်းမပြုတော့ဟု ယူဆရသော ကုန်ပစ္စည်းများကို ရုရှားနိုင်ငံ စတိုးဆိုင်များတွင် အချို့ဆိုင်များ၌ ဈေးနှုန်းမြင့်မားသော်လည်း ဝယ်ယူရရှိနိုင်သေးသည်။ အချို့သော အမှတ်တံဆိပ်များသည် ရုရှားလူမျိုးများထံရောင်းချခဲ့ပြီး စီးပွားရေးလုပ်ကိုင်နေမှုကို ဖြတ်တောက်ရပ်ဆိုင်းပစ်ရန် ခက်ခဲလျက်ရှိသည့်အနေအထားလည်း တွေ့ရသည်။ ဥပမာအားဖြင့် ပြင်သစ်နိုင်ငံမှ Chanel သည် ၎င်း၏စတိုးဆိုင်များသို့ လာရောက်ဝယ်ယူနေကြသည့် ရုရှားနိုင်ငံသားများ၏ ယူရို ၃၀၀ (အမေ ရိကန်ဒေါ်လာ ၃၃၁ သန်း) ကျော်တန်ဖိုးရှိသော ဝယ်လိုအားများကို ရုရှားနိုင်ငံထံ လွှဲပြောင်းပေးမည်မဟုတ်ဘဲ မွေးရပ်မြေသို့ ပြန်မသွားဟု ရုရှားဖောက်သည်များထံမှ ကတိတောင်းဆိုထားခြင်းမျိုးဖြစ်သည်။

ဒဏ်ခတ်ပိတ်ဆို့မှုများကြားတွင် ရုရှားနိုင်ငံသားများသည် မတည်ငြိမ်သောငွေကြေးလဲလှယ်မှုနှုန်းထားများ၏ သက်ရောက်မှုကို ခံစားခဲ့ရသည်။ ခုနစ်နှစ်ကြာတာကာလအတွင်း ရူဘယ်ငွေကြေးတန်ဖိုးသည် ၂၀၂၂ ခုနှစ် ဇွန်လတွင် အမေရိကန်ဒေါ်လာနှင့် လဲလှယ်မှုနှုန်းထား အမြင့်ဆုံးသို့ရောက်ရှိသွားပြီးနောက် ယခုနှစ် ပြီးခဲ့သည့်သီတင်းပတ်က ၁၇ လအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့ရသည်။ မကြာသေးမီလများအတွင်း ရူဘယ် ငွေကြေးတန်ဖိုးကျဆင်းမှုများသည် ရုရှားစားသုံးသူများ၏ ဝယ်ယူနိုင်စွမ်းအား ကျဆင်းစေသည်ကို တွေ့ရှိရသည်။

**ပထဝီနိုင်ငံရေးအရ အကျိုးသက်ရောက်မှုကိုလေ့လာခြင်း**

ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း ရုရှားသည် တရုတ်၊ အိန္ဒိယနှင့် အခြားသောမဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများနှင့် ပိုမိုနီးကပ်လာသောကြောင့် ရုရှားကိုအပြစ်ပေးဒဏ်ခတ်မှုနှင့် ပျော့ပျောင်းသွားစေရန် အနောက်နိုင်ငံများ၏ ကြိုးပမ်းမှုသည် ပထဝီနိုင်ငံရေးအခင်းအကျင်းကို တုန်လှုပ်သွားစေခဲ့သည်။

အာဖရိကနိုင်ငံများနှင့် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးတည်ဆောက်ရန် ရုရှား-အာဖရိက ဖိုရမ်ကို ဇူလိုင်လနှောင်းပိုင်းတွင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၎င်းတို့အနက် နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၄၈ ဦးက ရုရှားကိုဆန့်ကျင်ရန် ဖိအားပေးမှုများကိုတွန်းလှန်ကာ ဆွေးနွေးပွဲသို့ တက်ရောက်လာခဲ့ကြသည်။

ရေနံကြွယ်ဝသော ဗင်နီဇွဲလားနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ဒါဇင်နှင့်ချီ၍ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ ပူးပေါင်းဖွဲ့စည်းထားသည့် BRICS မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းရန် အဆိုပြုလျှောက်ထားလာခဲ့ကြသည်။ BRICS မဟာမိတ်အဖွဲ့၏ လက်ရှိအဖွဲ့ဝင် ငါးနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့စီးပွားရေးတစ်ခုလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်ထားသည်။

ဂျိုးဘိုင်ဒင်၏မူဝါဒများအပေါ် ဝေဖန်သူများက ရုရှား၊ တရုတ်နှင့် အခြားရန်ဘက်များကို ပိုမိုနီးကပ်စွာ မောင်းနှင်ခြင်းဖြင့် အမေရိကန်ကို လုံခြုံမှုကင်းမဲ့စေသည်ဟု ဝေဖန်ပြောကြားခဲ့ကြသည်။ အမေရိကန်သမ္မတဟောင်း Donald Trump က “Proxy Battle” ကြားခံစစ်သည် အမေရိကန်ကို တတိယကမ္ဘာစစ်ဖြစ်လာရန် ယခင်ကထက် ပိုမိုနီးကပ်စေသည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ယခင်နှစ်က ပြုလုပ်ခဲ့သော အမေရိကန်နိုင်ငံ Pew သုတေသနစစ်တမ်းတစ်ခုအရ အမေရိကန်လူမျိုး ၆၂ ရာခိုင်နှုန်းသည် တရုတ်နှင့်ရုရှားကြား မိတ်ဖက်ဆက်ဆံရေးကို အလွန်လေးနက်သော ပြဿနာတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ထားကြသည်။

ချီကာဂိုတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပါမောက္ခ John Mearsheimer က အမေရိကန်၏မူဝါဒများသည် ရုရှားနှင့်တရုတ်နိုင်ငံကြားတွင် ပိုမိုလွတ်လပ်သောအပြန်အလှန်မှီခိုမှုကို ဖန်တီးပေးနေသည်ဟု အခိုင်အမာ သုံးသပ်ပြောကြားထားသည်။

“အမေရိကန်အနေနဲ့ တရုတ်ဟာ ဘက်တူပြိုင်ဘက်နိုင်ငံဖြစ်လို့ အရှေ့အာရှမှာ အင်အားအပြည့်နဲ့ ရုရှားနိုင်ငံအပေါ် ဆက်ဆံရေးကောင်းတစ်ရပ်ကို ဖော်ဆောင်သင့်တယ်”ဟု ဧပြီလက ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် John Mearsheimer က ပြောကြားခဲ့သည်။

“အဲလို လုပ်နေတာမျိုးဆိုရင် ဒါဟာ တကယ်တော့ ရုရှားတွေကို တရုတ်လက်ထဲ တွန်းပို့နေတာဖြစ်ပြီး အရှေ့ဥရောပမှာခွဲမရတဲ့ မဟာမိတ်အတွဲအဖြစ် ရောက်ရှိလာတော့မှာပါ”ဟု John Mearsheimer က ထည့်သွင်းပြောကြားခဲ့သည်။

**ကိုးကား**

- **NATO's 'proxy war' blues: How the US-led campaign to use Ukraine to 'cripple' Russia has failed.**

**မျိုးခိုင်(ရေနံချောင်း)**

# ကသာခရိုင်တွင် ဆီထွက်သီးနှံ ၂၀၇၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာနှင့် နှမ်းသီးညှပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၂၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၆၀၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဆီထွက်သီးနှံဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ လက်ရှိလျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးနေပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ဆွေးနွေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၁၈၄ ဧက၊ နှမ်း ၇၉၃ ဧက၊ နေကြာ ၁၂ ဧက၊ အင်းတော်မြို့နယ်တွင် မြေပဲဧက ၁၅၀၊ နှမ်းဧက ၁၀၀၊ နေကြာ ၁၀ ဧက၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်းဧက ၂၉၀၊ နေကြာဧက ၄၀၊ ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၇၈ ဧက၊ နှမ်း ၈၄ ဧက စုစုပေါင်း ၂၀၇၃ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ဆီထွက်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် မြေပဲ ၃၇၅ ဧက၊ နှမ်း ၁၀၉ ဧက၊ နေကြာ ၂၅ ဧက၊ အင်းတော်မြို့နယ်တွင် မြေပဲဧက ၁၅၀၊ နှမ်းဧက ၁၂၀၊ နေကြာ ၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် မြေပဲ ၃၂ ဧက၊ နှမ်းဧက ၂၆၀၊ နေကြာဧက ၄၀၊ ဗန်းမောက်မြို့နယ်တွင် မြေပဲ ၃၉၄ ဧက၊ နှမ်း ၉၃ ဧက စုစုပေါင်း ၁၆၀၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကသာခရိုင်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးရန်အတွက် နည်းပညာများဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

# အင်္ဂပူမြို့နယ် ညောင်ပင်လှိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ပင်လှိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့်တာဝန်ခံအင်ဂျင်နီယာများက ညောင်ပင်လှိုကျေးရွာ၌ တွင်းနက်တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက ကျေးရွာရပ်မိ၊ ရပ်ဖများကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



အင်္ဂပူမြို့နယ် ညောင်ပင်လှိုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားသဖြင့် ညောင်ပင်လှိုကျေးရွာရှိ အိမ်ခြေ ၄၂ အိမ်၊ လူ ၁၅၄ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ရာသီမရွေး သောက်သုံးရေ အဆင်ပြေလွယ်ကူစွာ ရရှိနိုင်မည်ဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းထံမှ သိရသည်။ **သံသာ**

# သိန်းနီမြို့နယ် ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သိန်းနီ စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စယ်အူကျေးရွာအုပ်စု ကုန်းဆာကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းတစ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စယ်အူကျေးရွာအုပ်စု ကုန်းဆာကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဂီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၁၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

















**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့မြင်ရစဉ်။**

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ယနေ့တွင်လည်း ပြည်တွင်း၊ ပြည်ပ အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ ပြည်တွင်း၊ ပြည်ပ အနယ်နယ် အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဝဏ္ဏဇရပ်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရား၊ ရေပန်း ရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများအပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သက်ကြီးဘိုးဘွားများကို ကျန်းမာရွှင်လန်းစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် Buggy များဖြင့် စနစ်တကျပို့ဆောင်ပေးသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူများကို အခမဲ့ဖူးမြော်ခွင့်ပေးထားပြီး ယနေ့မှစ၍ ဘုရားကြီးဝင်းအတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်း ကင်မရာရိုက်ကူးခြင်းများကို ထိုက်သင့်သည့်နှုန်းထားဖြင့် အခကြေးငွေ ကောက်ခံကာ ယူဆောင်ခွင့်ပြုထားရှိကြောင်း၊ ဘုရားကြီးဝင်းအတွင်းရှိ ယာဉ်ရပ်နားရန်နေရာတွင် ဝင်ရောက်ရပ်နားမည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများဖြင့် ဝင်ရောက်ခွင့်ပြုပေးထားရှိကြောင်းနှင့် ဘုရားကြီးကို နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

# ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၄**

ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညီနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu တို့ တွေ့ဆုံဆွေးနွေးစဉ်။

# လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဆေးကုသမှု ခံယူနေသူများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တောင်ကြီးတပ်နယ် (နယ်မြေ-၁)အသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်(နယ်မြေ-၁)အသင်းကို ဒိုင်းနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်(နယ်မြေ-၁)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ကျောဖုံးမှအဆက်**

ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူငယ်သီတင်းပတ်အကြိုလှုပ်ရှားမှုအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ သင်တန်းသား၊ သင်တန်းသူများ၏ Fitness Dance ဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများက လောကအလှဥယျာဉ်ကြီးတည်ဆောက်ကြပါစို့သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုအဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဗလငါးတန်နှင့် ပြည့်စုံသော ပညာတတ်လူစွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ နိုင်ငံတော်က လူငယ်များကို အနာဂတ်တွင် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ဆက်လက်တာဝန်ယူသွားကြရမည့်သူများဖြစ်ပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်အောင် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များသည် ပညာသင်ကြားမှုနယ်ပယ်တွင် အများဆုံးထိတွေ့နေရသည့်အတွက် လူငယ်လူရွယ်များကို မြေတောင်မြှောက်ပေးနေသည့် ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ ပညာကိုသာ အခြေခံပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချနိုင်သူ၊ ဖွံ့ဖြိုးသည့်လူ့အဖွဲ့အစည်းကိုဖန်တီးရာတွင် ပါဝင်နိုင်သူကိုယ်တိုင် ဗလငါးတန်နှင့်ပြည့်စုံနေသူဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘာသာရပ်အသီးသီးမှ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၏ ဗလငါးတန်နှင့်ပတ်သက်၍ တင်ဆက်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သင်တန်းသား၊ သင်တန်းသူများ၏ လက်တွေ့တီထွင်ထားမှု၊ ပညာပေးပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စက်တင်ဘာ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၀၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ်(Youth Week) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ Naypyitaw State Academy တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အသစ်ချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်၏ လူမှုရေးဦးတည်ချက်(၁)တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော ဦးတည်ချက်ပါဝင်ပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များသည် အဓိကစွမ်းအားစုအဖြစ် အရေးပါသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်းကို တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ လူငယ်များ သတိပြုမိစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၈ ရက်ထိ လူငယ်သီတင်းပတ် (Youth Week) အဖြစ်သတ်မှတ်ပြီး ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်ကျောင်း ၅၀ နှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ဗလငါးတန် တစ်ခုချင်းကို ဖော်ကျူးသည့် လူငယ်လှုပ်ရှားမှုများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပေးလျက်ရှိပါကြောင်း။

ယနေ့ လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် အင်မတန်အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်များပင်ဖြစ်ပါကြောင်း၊ အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များ ဗလငါးတန်နှင့်ပြည့်စုံရေးသည် အင်မတန်အရေးကြီးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ဗလငါးတန်ဆိုသည်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့ဖြစ်ပါကြောင်း၊ "ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ် (Youth Week)" အစီအစဉ်တွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းပြီး လှုပ်ရှားမှုအမျိုးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

ကာယဗလ၏ အရေးပါမှုကို မီးမောင်းထိုးပြသည့်အနေဖြင့် ဝူရှူး၊ ခြင်းလုံး၊ Fitness Dance၊ လှယဉ်ကျေးမယ် စသည့် အားကစားနှင့်ကာယအလှပြ၊ သရုပ်ပြကွက်များကို ပြသမည်ဖြစ်ပါကြောင်း၊ ဉာဏဗလအတွက် လူငယ်စကားဝိုင်းများကျင်းပခြင်း၊ အသိပညာဗဟုသုတမျှဝေရေး Project Presentation များပြုလုပ်ခြင်း၊ လူငယ်များ၏ Talent and Art Show များ ကျင်းပခြင်း၊ စာရိတ္တဗလအတွက် လူငယ်နှင့်လောကနီတိဟောပြောပွဲများ ကျင်းပခြင်း၊ မိတ္တဗလအတွက် လူငယ်တွေ့ဆုံပွဲများ၊ မောင်နှမဆောင် Hostel Dinner ကျင်းပခြင်း၊ သီချင်းဆိုခြင်း၊ Fun Fair၊ Farewell၊ ဈေးရောင်းပွဲများ ကျင်းပခြင်း၊ ဘောဂဗလအတွက် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များက ဟောပြောခြင်း၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ၊ စကားပြောပြိုင်ပွဲများကျင်းပခြင်း အစရှိသည့် လှုပ်ရှားမှုများကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယနေ့မှစပြီး စတင်အကောင်အထည် ဖော်ဆောင်ရွက်သည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ် (Youth Week) အစီအစဉ်တွင် အနာဂတ်မျိုးဆက်သစ် တက္ကသိုလ် ကျောင်းသားလူငယ်များ တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် အနာဂတ်မြန်မာနိုင်ငံတော်တွင် အားကိုးအားထားပြုနိုင်သည့် အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ၊ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ အများအပြားပေါ်ထွက်လာနိုင်စေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။




ထို့နောက် Naypyitaw State Academy ကျောင်းသားကျောင်းသူများက "Naypyitaw State Academy" Group Song သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် Naypyitaw State Academy ကျောင်းသူလေးများက "ယဉ်တစ်ကိုယ်မယ်" သီချင်းဖြင့် အဖွဲ့လိုက်နှင့် တစ်ဦးချင်းအလိုက် သရုပ်ပြဖျော်ဖြေကြသည်။ ထို့နောက် ကျောင်းသူတစ်ဦးက တစ်ပင်တိုင်အကအလှဖြင့်ကပြဖျော်ဖြေသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆုရရှိသူ တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။




**နေပြည်တော် စက်တင်ဘာ ၄**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက **"မြတ်ဆရာ"** သီချင်းဖြင့် စတင်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးထံ အလှူငွေများပေးအပ်သည်။

ဆက်လက်၍ ကျောင်းခန်းမအတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ပြုလုပ်ရာ ပညာရည်ချွန်ဆု၊ အားကစားထူးချွန်ဆုနှင့် အကအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ခိုလမ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ အကပဒေသာများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် (၂၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၄**

၂၀၂၃ ခုနှစ် (၂၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးချုပ်စိုးတင်လတ် တက်ရောက်အမှာစကားပြောကြားပြီး တပ်မတော်(လေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မင်္ဂလာဒုံတပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ၎င်းပြိုင်ပွဲကို လေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၈ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



၂၀၂၃ခုနှစ် (၂၉)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဗိုလ်မှူးချုပ်စိုးတင်လတ် အမှာစကားပြောကြားစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လူ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Aye Aye Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နေ အေးအေးအောင်ကို နံနက် ၁၁ နာရီတွင် အောင်မြေသာစံ မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ“ **မန္တလေး-ရန်ကုန် ပြေးဆွဲနေသော မြန်မာ့မီးရထား ကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်**”ခေါင်းစဉ်ဖြင့် ၆-၉-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “**အကြမ်းဖက်သမားများ၏ Internet ပေါ်ကစာမျက်နှာများ**”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကနေဒါနိုင်ငံ အနောက်ဘက်ပိုင်းဒေသများတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ



**အော့တဝါ အောက်တိုဘာ ၄**

ကနေဒါနိုင်ငံ အနောက်ဘက်ပိုင်းဒေသများတွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း Global News သတင်းဌာနက ယနေ့တွင် ဖော်ပြသွားခဲ့သည်။

လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ပေါ်နေသော ဧရိယာမှာ ဆက်ကက်ချီဝန်စီရင်စုဖြစ်ပြီး ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ဖြစ်ပေါ်နေသောလေထုညစ်ညမ်းမှုပမာဏမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအခြေအနေဖြစ်ကြောင်း သိရသည်။

ဆက်ကက်ချီဝန်စီရင်စု ရက်ဂ်ျီနာနယ်မြေတွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပြဿနာသည် ဒေသခံများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာကိုဖြစ်ပေါ်စေနိုင်ပြီး နှလုံးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါအခံရှိသူများအတွက် အထူးသတိပြုနေထိုင်သင့်သည့် အခြေအနေဖြစ်ကြောင်း ဆက်ကက်ချီဝန်စီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဆက်ကက်ချီဝန်စီရင်စုကဲ့သို့ပင် ဆိုးရွားသည့်လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်ဒေသများမှာ ဗြိတိသျှကိုလံဘီယာ စီရင်စု၊ အယ်ဘာတာမြောက်ဘက်ပိုင်း၊ အနောက်မြောက်ဘက်ပိုင်းနယ်မြေများဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အရင်က ဆက်ကာတွန်မြို့မှာ တစ်မြို့လုံး ဒီလိုမီးခိုးငွေ့တွေဖုံးလွှမ်းနေတာ တစ်ခါမှမဖြစ်ခဲ့ဖူးဘူးလို့ ကျွန်တော်ထင်တယ်။ အခုဖြစ်နေတာက တော်တော်လေးဆိုးရွားပါတယ်။ မြင်ကွင်းတောင်မရှင်းတော့တဲ့ထိ မီးခိုးတွေပိတ်နေတယ်"ဟု ဆက်ကက်ချီဝန်စီရင်စုရှိ ဆက်ကာတွန်မြို့ခံ မိုက်သောဆင်က ပြောကြားခဲ့သည်။

သို့သော်လည်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်အတွက် အပြင်သို့သွားလာခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။

**နိုင်းဆက်**

# မောက်အီကျွန်း တောမီးလောင်ကျွမ်းမှုကြောင့် လူ ၃၈၅ ဦးထက်မနည်း ပျောက်ဆုံးနေ

**ဝါရှင်တန် အောက်တိုဘာ ၄**

မောက်အီကျွန်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေ့မှစတင်၍ စက်တင်ဘာ ၃ ရက်ထိ မောက်အီကျွန်းတွင် ပျောက်ဆုံးနေသောဒေသခံ ၃၈၅ ဦးထက်မနည်းရှိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မောက်အီကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု RTE သတင်းဌာနက ယနေ့တွင် ဖော်ပြသွားခဲ့သည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် မောက်အီကျွန်းတွင် ဩဂုတ် ၈ ရက်ကစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် ဟာဝိုင်ရီပြည်နယ်တွင် လောင်ကျွမ်းခဲ့သည့် တောမီးလောင်ကျွမ်းမှုများအနက် အဆိုးရွားဆုံးသောတောမီးလောင်ကျွမ်းမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့သလို သေဆုံးသူလည်းများပြားခဲ့ကြောင်း သိရသည်။

"မောက်အီကျွန်း တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူများခဲ့သလို ပျောက်ဆုံးနေသူလဲ များခဲ့ပါတယ်။ နောက်ဆုံးစိစစ်ချက်အရ ပျောက်ဆုံးနေသူ ၃၈၅ ယောက်ထက်မနည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ အတိအကျတော့ မဟုတ်သေးပါဘူး။ စာရင်းအတိအကျထုတ်ပြန်ပေးနိုင်ဖို့အတွက်တော့ တာဝန်ရှိသူအဆင့်ဆင့်က စိစစ်နေပါတယ်"ဟု ဟာဝိုင်ရီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျီရှ်ဂရင်းက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ၂၇ ရက်ထိ ကြာမြင့်ခဲ့ပြီး ၎င်း ၂၇ ရက်တာကာလအတွင်း သေဆုံးသူ ၁၁၅ ဦးထက်မနည်းရှိခဲ့ပြီး အေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူလည်း အမြောက်အမြားရှိခဲ့သည်။

အေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတချို့မှာ ဟိုတယ်များတွင် နေထိုင်ခွင့်ပြုထားပြီး ဟိုတယ်များတွင်လည်း လူပြည့်နေသည့်အတွက် ယာယီရွက်ဖျင်တဲများဖြင့် နေထိုင်နေရသည့် ဒေသခံဦးရေ ၁၂၀၀၀ ကျော်ထိရှိနေကြောင်း မောက်အီကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# တက္ကဆက်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်ထားနိုင်သော်လည်း ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်

**ဝါရှင်တန် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် စက်တင်ဘာ ၁ ရက်က စတင်လောင်ကျွမ်းခဲ့သော တောမီးကို ရာခိုင်နှုန်း ၄၀ ခန့်ထိ ထိန်းချုပ်ထားနိုင်သော်လည်း ဆက်လက်လောင်ကျွမ်းနေဆဲဖြစ်ကြောင်း တက္ကဆက်ပြည်နယ် သစ်တောဌာနမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ CHRON သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

တက္ကဆက်ပြည်နယ်တွင် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက စတင်၍ တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့ရာ ယခုအချိန်ထိ တောမီးလောင်ကျွမ်းသော ဒေသများကို ရာခိုင်နှုန်း ၄၀ ခန့် ထိန်းချုပ်ထားနိုင်ကြောင်း၊ တောမီးလုံးဝမီးငြိမ်းသွားသည်အခြေအနေသို့ရောက်ရှိရန် စက်တင်ဘာ ၈ ရက်ခန့်ထိ ကြာမြင့်နိုင်ပြီး လေပြင်းတိုက်ခတ်မှုနှင့် ခြောက်သွေ့သောပတ်ဝန်းကျင်အခြေအနေများကြောင့် မီးလောင်ကျွမ်းမှုအခြေအနေ ပိုမိုပြင်းထန်လာခြင်းမရှိအောင် အနီးကပ်စောင့်ကြည့်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်သစ်တောအာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။

ပြည်နယ်သစ်တောဌာနအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် မီးသတ်စက်ကြီးများ၊ မီးငြိမ်းသတ်ရေးလေယာဉ်များအသုံးပြု၍ မီးငြိမ်းသတ်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်တင်ဘာ ၃ ရက်ထိ မီးလောင်ကျွမ်းမှုဧရိယာ ၄၂၅၄ ဧကထိ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုသည် ဟန့်စ်ဗဲလ်မြို့ အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ ပြည်နယ် အဝေးပြေးလမ်းတစ်လျှောက်တွင် စတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကာ နာရီပိုင်းအတွင်း ဧက ၁၀၀၀ ခန့် လျင်မြန်စွာ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားရသည့်အကြောင်းရင်းကိုမူ အသေးစိတ်မသိရသေးကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**AZH**



# ထိုင်းနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်မှုဖြင့်ရင်ဆိုင်နေရ

**ဗန်ကောက် အောက်တိုဘာ ၄**

ထိုင်းနိုင်ငံ Uthai Thani ပြည်နယ် Huay Kha Khaeng တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပြင်းထန်သောမိုးခေါင်မှုဖြင့် ရင်ဆိုင်နေရကြောင်း မွေးမြူရေးစခန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များကို ကိုးကား၍ Thaiger သတင်းဌာနက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

Huay Kha Khaeng တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဆင်နှင့် အခြားတိရစ္ဆာန်မျိုးစိတ်အများအပြားကို ထိန်းသိမ်းထားပြီး မိုးခေါင်မှုနှင့် အစားအစာရှားပါးမှုကြောင့် တောဆင်ရိုင်းများမှာ အဆိုပါဘေးမဲ့တောမှကျော်လွှန်၍ နေရာပြောင်းရွှေ့ အစားအစာရှာဖွေမှုများ ပြုလုပ်လာကြောင်း အဆိုပါဘေးမဲ့တော၏ အကြီးအကဲ Tonsak Nipanan က ပြောကြားခဲ့ကြောင်း သိရသည်။

ဧက ၈၀၀၀ ခန့်ကျယ်ဝန်းသော အဆိုပါတိရစ္ဆာန်ဘေးမဲ့တောသည် Lansak ခရိုင်အတွင်းရှိ Huay Salao နှင့် Huay Khok Khai သစ်တောများအတွင်း တည်ရှိပြီး မိုးခေါင်မှုနှင့် အစားအစာရှားပါးမှုကြောင့် တိရစ္ဆာန်များကို အဆိုပါနေရာမှ ရွှေ့ပြောင်းအစာရှာဖွေရန် အခြေအနေသို့ ရောက်ရှိစေလျက်ရှိရာ ဩဂုတ် ၁၃ ရက်က နယ်မြေကျော်လွှန်၍ အစာရှာခဲ့သောတောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါအခြေအနေများကြောင့် Huay Kha Khaeng တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအနီး လှုပ်ရှားသွားလာသူများအနေဖြင့် တောဆင်ရိုင်းများ၏အန္တရာယ်ကို သတိပြုနိုင်စေရန်Tonsak Nipanan က လွန်ခဲ့သောလအတွင်းက သတင်းထောက်များနှင့်တွေ့ဆုံစဉ် သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘေးမဲ့တောအတွင်း လေ့လာနိုင်ရန် နေ့စဉ် နံနက် ၈ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိ စခန်းကို ဖွင့်လှစ်ပေးထားပြီး ဆင်များ၏ပြောင်းရွှေ့သွားလာမှုအခြေအနေကြောင့် စခန်းဖွင့်ချိန်ကို လုံခြုံရေးအရ ပြောင်းလဲရန်လိုအပ်ကြောင်းနှင့် စခန်းတစ်လျှောက်ကာရံထားသော ခြံစည်းရိုးများက တောဆင်ရိုင်းများ၏ ပြောင်းရွှေ့သွားလာမှုကို ထိထိရောက်ရောက်ကန့်သတ်ရန် မလုံလောက်တော့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**AZH**

# မက်ဒရစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်အတွင်း၌သာနေထိုင်ရန် ညွှန်ကြားထား

**မက်ဒရစ် အောက်တိုဘာ ၄**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သောကြောင့် ဒေသခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန် စပိန်မြို့တော်ဝန်ရုံးက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြသွားခဲ့သည်။

အမျိုးသားမိုးလေဝသအေဂျင်စီ (AEMET)က မိုးရေချိန်မြင့်မားခြင်းကြောင့် မိုးရွာသွန်းမှုကို အနီရောင်အဆင့် သတိပေးချက်အဖြစ် သတ်မှတ်လိုက်ကြောင်းလည်းထုတ်ပြန်ခဲ့သည်။

"ပုံမှန်မဟုတ်တဲ့ မိုးရွာသွန်းမှုတွေနဲ့ ရင်ဆိုင်နေရပြီးတော့ မျှော်လင့်မထားတဲ့ ရေကြီးရေလျှံမှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးရေချိန်ဟာ စံချိန်တင်မြင့်မားနေတဲ့အတွက်ကြောင့် မက်ဒရစ်မြို့ခံတွေကို နေအိမ်အတွင်းမှာပဲနေထိုင်သွားကြဖို့ သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု မက်ဒရစ်မြို့တော်ဝန် ဂျိုးစ်လူးဝစ်မာတီနက်ဇ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပွားပါက ကြီးမားသော ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး မိုးရွာသွန်းမှုမှာ တစ်စတုရန်းမီတာတွင် တစ်နာရီ ရေလီတာ ၁၂၀ ထိရှိနေပြီး မိုးရေချိန်မြင့်မားလွန်းသည့်အတွက်ကြောင့်လည်း ၁၂ နာရီအတွင်း ဧရိယာတချို့တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပွားလာခြင်းဖြစ်ကြောင်း သိရသည်။

ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက်ကြောင့် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းကလည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟုလည်း စပိန်မြို့တော်ဝန်ရုံးက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

ပေါက်ပေါက်

# ဆေးဖက်ဝင် ကြောင်ပန်းပင်



ကြောင်ပန်းပင်သည် ကျွန်းမျိုးရင်းဖြစ်ပြီး အမည်မှာ Verbenaceae ဖြစ်သည်။ ရုက္ခဗေဒအရ Vitex Trifolia Linn ဟုခေါ်၍ အင်္ဂလိပ်လို Indian Wild Pepper ဟု ခေါ်သည်။

**အပင်၏ပုံသဏ္ဌာန်**

ချုံငယ်ပင်မျိုးဖြစ်ပြီး အမြင့် ၁၅ ပေ ခန့်ထိ ရှည်တတ်သည်။ ပင်စည်မှာ ညိုခြောက်ခြောက် အရောင်ရှိသည်။ အခေါက်ပါးသော်လည်း အနည်းငယ်ကြမ်းသည်။

**အရွက်၏ပုံသဏ္ဌာန်**

သုံးရွက်မွှာပေါင်းဖြစ်၍ မျက်နှာချင်းဆိုင်အလှည့်ကျထွက်သည်။ ၎င်းသုံးရွက်တွင် အလယ်ရွက်က ကျန်ဘေးနှစ်ရွက်ထက် ပိုကြီးပြီး ပို၍ရှည်သည်။ ပုံသဏ္ဌာန်မှာ ထိပ်ဖက်ကျယ်သော ဘဲဥပုံဖြစ်သည်။ အရင်းသွယ်၍ ထိပ်ဖျားချွန်းသည်။ ရွက်ညှာသည် တစ်လက်မသို့မဟုတ် တစ်လက်မခွဲခန့်ရှိသည်။ အရွက်၏အောက်မျက်နှာသည် မီးခိုးပြာရောင်ဖြစ်ပြီး အပေါ်မျက်နှာသည် အစိမ်းပုပ်ရောင်ဖြစ်သည်။

**အပွင့်၏ပုံသဏ္ဌာန်**

ထိပ်ထွက်ပန်းခိုင်ဖြစ်သည်။ အပွင့်ကလေးများ သေးငယ်ပြီး စုပြုံပွင့်သည်။ အရောင်မှာ ခရမ်းရောင်ဖြစ်၍ ပွင့်ဖတ် ငါးခုပါရှိသည်။ ၎င်းပွင့်ဖတ်များအနက် ပွင့်ဖတ်တစ်ခုမှာ ထူးထူးခြားခြားရှည်၍ အနည်းငယ်ကြီးပြီး ၎င်းအပေါ်၌ အရည်ရွှမ်းသော အမွှေးနုကလေးများ ပါရှိနေကြသည်။ ကျန်ပွင့်ဖတ်လေးခုကမူ ရွယ်တူဖြစ်ပြီး ခရမ်းနုရောင်ဖြစ်သည်။ ကဆုန်လ၊ နယုန်လတို့တွင် အပွင့်ပွင့်လေ့ရှိသည်။

**အသီး၏ပုံသဏ္ဌာန်**

လုံးဝိုင်း၍ ထိပ်ဖက်တွင် နီညိုရောင်ဖြစ်သည်။ ဝါခေါင်လ၊ တော်သလင်းလတို့တွင် အသီးသီးသည်။

**ပေါက်ရောက်ရာဒေသ**

မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် အများအပြား တွေ့ရတတ်သည်။ ပေ ၃၀၀၀ ကျော်ထိ ကျယ်ပြန့်စွာ ပေါက်ရောက်နိုင်သည်။

**ပေါက်ရောက်ပုံ**

သဘာဝအလျောက် ပေါက်ရောက်သည်။

**အသုံးပြုသည့်အစိတ်အပိုင်း**

အရွက်နှင့် အစေ့တို့ကို အသုံးပြုနိုင်ပါသည်။

**ကြောင်ပန်းပင်နှင့် မြန်မာဆေးကျမ်းများ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော အထက်အညာဒေသများရှိ မြစ်နား၊ ချောင်းနား၊ ရေနှင့်နီးသော ဒေသများ၌ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသော ကြောင်ပန်းပင်များကို တွေ့ရနိုင်သည်။

- တိုင်းရင်းမြန်မာဆေးကျမ်းများ၏အဆိုအရ ခါး၏။ ဖန်၏။ ပူ၏။ ဝမ်းမီးကို တောက်စေ၏။ လေကိုနိုင်၏။ အနာကို အသားနုတက်၍ ပျောက်စေ၏။ အဖျားကိုနိုင်၏။ မီးယပ်မှန်စေ၏။ အားအင်တိုးပွား၏။ အဆိပ်ကို ပြေပျောက်စေ၏ဟု ဖော်ပြထားသည်။
- ဒဗ္ဗဂုဏ ပကာသနီဆေးကျမ်းတွင် ကြောင်ပန်းရွက်သည် အဆိပ်သင့်နာ၊ နူနာ၊ ပိုးနာ၊ လေနာ၊ သလိပ်နာများကိုနိုင်၏။ ကြေလွယ်၊ ကျက်လွယ်သော သတ္တိရှိ၏ဟု ဆိုထားသည်။
- ဥတုဘောဇန သင်္ဂဟကျမ်းတွင် ကြောင်ပန်းရွက်သည် အဆိပ်ကိုနိုင်၏။ ပေါက်သော အနာ၊ နူနာ၊ အားအင်ကုန်ခန်းသော ရောဂါတို့ကိုနိုင်၏။ ကြေလွယ်၏။ ပိုးနာ၊ လေသလိပ်နာတို့ကိုနိုင်၏ဟု ဆိုထားသည်။
- ဓာတုရသဆေးကျမ်းတွင် ကြောင်ပန်းရွက်သည် လေကိုလည်းကောင်း၊ ကိုယ်ဖောကိုယ်ရောင်တို့ကိုလည်းကောင်း ငြိမ်းစေတတ်၏ဟု ဆိုထားသည်။
- ရှုတော်မူဆေးကျမ်းတွင် ပူခါး အရသာရှိ၏။ သလိပ်ကိုနိုင်၏။ အဆိပ်အတောက်ကို ပြယ်စေတတ်၏။ အားအင်ကုန်ခန်းသောအနာ၊ ပေါက်သောအနာ၊ နူနာ၊ ပိုးနာတို့ကိုနိုင်၏။ လေကိုနိုင်၏ဟု ဆိုထားသည်။
- ဆရာစလေဦးပုည၏ ၠွားတစ်ကောင်လုံး အသုံးချနည်း ဆေးစာအုပ်ထဲတွင် "သားကတစာစာ၊ မာတာကြုံလှီ၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အဖြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ချင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့် နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင် နို့လုံးရွှင်သည်"ဟု ရေးသားဖွဲ့ဆိုထားသည်။

**ကြောင်ပန်းပင်နှင့် ကျန်းမာရေး**

- အရွက်ကို အရည်ညှစ်သောက်ခြင်းဖြင့်လည်းကောင်း၊ ကြော်ချက်စားခြင်းဖြင့်လည်းကောင်း အကြောရောဂါများ ပျောက်ကင်းစေသည်။
- ကြောင်ပန်းရွက်ရည်(သတ္တုရည်)ထဲကို နှမ်းဆီနှင့်ပျားရည်အနည်းငယ်ထည့်ပြီး နားကျပ်ပေးခြင်းဖြင့် နားပြည်ယို၍ နားကိုက်ခြင်းကို သက်သာပျောက်ကင်းစေသည်။
- ကြောင်ပန်းရွက်ကို အရည်ညှစ်၍သောက်ခြင်းဖြင့် အရေပြားရောဂါသက်သာစေသည်။
- ဖောရောင်ခြင်းအတွက် ကြောင်ပန်းရွက်ရည်(သတ္တုရည်)နှင့် သက်ရင်းကြီးမြစ်ကို ရောသွေး၍ သောက်ပါ။
- ကလေးသူငယ် နှာစေး၊ ချောင်းဆိုးရောဂါများကို ပျောက်ကင်းစေသည်။
- အနာဆွေး၊ အနာပေါက်များကို ကြောင်ပန်းရွက်ကို ကြိတ်ညှစ်၍ရလာသော အရည်ဖြင့် ပွတ်လိမ်းပေးပါ။
- ကြောင်ပန်းရွက်ပြုတ် သောက်ပေးပါ။ ညောင်းကျရောဂါ၊ ၄က်ဖျားနှင့် မီးတွင်းဖျားရောဂါများကို ပျောက်ကင်းစေနိုင်သည်။
- ကြောင်ပန်းရွက်ကို ကြက်သွန်ဖြူနိုင်နိုင်ဖြင့် သုပ်စားပါက လေနာရောဂါ၊ ဝမ်းဖောဝမ်းရောင်၊ ဝမ်းကိုက်ရောဂါများ ပျောက်ကင်းစေသည်။
- အိပ်မပျော်သောရောဂါနှင့် ဦးနှောက်တွင်ဖြစ်သော ရောဂါများအတွက် ကြောင်ပန်းရွက်အခြောက်ကို ခေါင်းအုံးပြုလုပ်၍ အိပ်ခြင်းအားဖြင့် ပျောက်ကင်းစေသည်။
- ကလေးများ အညှော်မိခြင်း၊ အဖျားကြီးခြင်းအတွက် ကြောင်ပန်းမြစ်ကိုသွေး၍ တိုက်ကျွေးခြင်းဖြင့်လည်းကောင်း၊ ရှူခြင်းဖြင့်လည်းကောင်း သက်သာပျောက်ကင်းစေနိုင်သည်။
- ကိုယ်လက်အောင့်ခြင်းအတွက် ကြောင်ပန်းရွက်နှင့် သက်ရင်းကြီးရွက်တို့ကို ပါးပါးလှီးပြီး ဆားထည့်၍ ကြပ်ထုပ်ထိုးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ ကြပ်ထုပ်ထိုးနည်းမှာ ကြောင်ပန်းရွက်နှင့် သက်ရင်းကြီးရွက်တို့ကို ပါးပါးလှီး ဆားထည့်၍ ကြပ်ထုပ်သုံးထုပ်ပြုလုပ်ပါ။ အိုးနှုတ်ခမ်းတွင် အဝတ်စည်း၍ ရေတစ်ဝက်ခန့်ထည့်ပြီး မီးဖိုပေါ်တည်ပါ။ ရေနွေးဆူလာပါက ကြပ်ထုပ် သုံးထုပ်ကို အဝတ်စည်းထားသောအပေါ်၌တင်ပါ။ ငါးမိနစ်ခန့်ကြာပါက ကြပ်ထုပ်တစ်ထုပ်ကိုယူ၍ အောင့်သောနေရာတွင် ထိုးပေးပါ။ (ကျန်ကြပ်ထုပ်များကိုလည်း အလှည့်ကျယူ၍ တစ်လှည့်စီ ထိုးပေးပါ)
- ကြောင်ပန်းရွက်ကိုပြာချပြီး အုန်းဆီနှင့်ဖျော်၍ လိမ်းပေးပါက ဝဲစို၊ ဝဲခြောက်များနှင့် အရေပြားပေါ်တွင်ပေါက်သော ယားနာအမျိုးမျိုးတို့ကို ပျောက်ကင်းစေပါသည်။
- ကြောင်ပန်းရွက်ကို ကြက်သွန်ဖြူ၊ နနွင်းစိမ်းတို့ဖြင့် ကြိတ်၍ ဆီးကင်းခန့် တစ်နေ့သုံးကြိမ် ရေနွေးဖြင့်သောက်ပေးပါ။ ချောင်းဆိုးသွေးပါ၊ အဆုတ်နာ၊ တီဘီရောဂါတို့ကို ပျောက်ကင်းစေပါသည်။
- ကလေးငယ်များ လေနာခြင်းအတွက် ကြောင်ပန်းရွက်ကိုကြိတ်၍ ဗိုက်ကိုစည်းပေးခြင်း၊ ပြုတ်တိုက်ခြင်းပြုလုပ်ပါက သက်သာပျောက်ကင်းစေသည်။
- မီးယပ်သွေးဝမ်းကိုက်ပါက ကြောင်ပန်းရွက်နှင့် ခန္ဓာကိုယ်ကိုရိုက်ပေးပါ။

**ကြောင်ပန်းပင်နှင့် စားသောက်ပုံ**

ကြောင်ပန်းရွက်ကိုပြုတ်၍ ငါးပိရည်၊ ငံပြာရည်ချက်နှင့်တို့စရာအဖြစ်လည်းကောင်း၊ ပြုတ်၍ အသုပ်အဖြစ်လည်းကောင်း၊ ဟင်းခါးအဖြစ်လည်းကောင်း၊ မန်ကျည်းရည်ထည့်၍ အချဉ်ဟင်းအဖြစ်လည်းကောင်း စားသုံးနိုင်သည်။ ကြောင်ပန်းရွက်ကို ပြုတ်သောအခါ ရေအေးနှင့်ရော၍ မတည်ဘဲ ပွက်ပွက်ဆူသောရေနွေးတွင် ကြောင်ပန်းရွက်ကိုထည့်၍ မနွမ်းရိခင် စားသုံးသင့်သည်။ ထိုမှသာ အာဟာရဓာတ်မပျက်ပြယ်စားသုံးနိုင်မည်ဖြစ်ပေသည်။

**နိုင်ငံခြားဝင်ငွေရ ကြောင်ပန်းစေ့**

မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်သည့် ကြောင်ပန်းပင်မှထွက်ရှိသော ကြောင်ပန်းစေ့များကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကစပြီး တရုတ်နိုင်ငံဈေးကွက်သို့ စမ်းသပ်တင်ပို့ရောင်းချခဲ့ရာမှ ဈေးကွက်ခိုင်မာမှု ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံ၌ နည်းပညာဖြင့်ပေါင်းစပ်ပြီး အိမ်သုံးဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုကြသည်။

ကြောင်ပန်းပင်များသည် နှစ်စဉ် မိုးဦးကာလတွင် အသီးများ စတင်သီးပြီး ဩဂုတ်လမှစ၍ အသီးကို ဆွတ်ခူးနိုင်ကာ အစေ့ကို ထုတ်ယူကြရသည်။ ယခုနှစ် ကြောင်ပန်းပင် အသီးသီးသော ရာသီတွင်လည်း တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းလာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာကာ အရောင်းသွက်နေကြောင်း၊ အဆိုပါ ကြောင်ပန်းစေ့များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ လှိုင်လှိုင်ဝင်ရောက်လာကာ အရောင်းအဝယ်များ ကောင်းနေကြောင်း၊ တရုတ်နိုင်ငံသည် ယခင်နှစ်က ကြောင်ပန်းစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ဝယ်ယူခဲ့ရာမှ ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၀ နှုန်းထိ အမြင့်ဈေးများပေးကာ ဝယ်ယူနေမှုကြောင့် ဈေးမြင့်တက်နေကြောင်း သိရသည်။

ယခုအခါ မင်းဘူး၊ စလင်း၊ စကု၊ ရေနံချောင်း၊ ချောက်၊ ပုပ္ပား၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မလှိုင်၊ မုံရွာ၊ ယင်းမာပင်၊ ပုလဲ၊ မြစ်သား၊ မိတ္ထီလာ စသည့်ဒေသတို့မှထွက်ရှိသော ကြောင်ပန်းစေ့များသည် မန္တလေးဈေးကွက်သို့ဝင်ရောက်ပြီး ဈေးကွက်အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိသည်။ ထို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် အလေ့ကျပေါက်ပင် ကြောင်ပန်းပင်မှ ထွက်ရှိသော ပစ္စည်းဖြင့် ဝင်ငွေတိုးနေသည်မှာ ဝမ်းမြောက်ဖွယ် သတင်းကောင်းဖြစ်ပေသည်။

အချုပ်ဆိုရသော် အလေ့ကျပေါက်ပင်တစ်မျိုးဖြစ်သော ကြောင်ပန်းပင်သည် ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ ဆေးဖက်ဝင်ပုံများမှာ အံ့မခန်းဖြစ်သည်။ ကြောင်ပန်းစေ့၏ ဈေးနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တန်းဖိုးမြင့်မားလာ၍ ပြည်ပဝင်ငွေရှာပေးသော မြေကြီးက ရွှေသီးသကဲ့သို့ အလေ့ကျပေါက်ရောက်နေသော ကြောင်ပန်းပင်များကို တစ်နိုင်တစ်ပိုင်မှသည် ဈေးကွက်ဝင်စိုက်ပျိုးပင်များအဖြစ် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်းနှင့် ရောဂါအမျိုးမျိုးတို့ကို ငွေမကုန်စေဘဲ သက်သာပျောက်ကင်းစေနိုင်မည့် ကြောင်ပန်းရွက်ဟင်းလျာများကို ချက်ပြုတ်စားသောက်နိုင်ကြပါကြောင်း ရေးသားလိုက်ရပါသည်။

❖ အိပ်မပျော်သောရောဂါနှင့် ဦးနှောက်တွင်ဖြစ်သောရောဂါများအတွက် ကြောင်ပန်းရွက်အခြောက်ကို ခေါင်းအုံးပြုလုပ်၍ အိပ်ခြင်းအားဖြင့် ပျောက်ကင်းစေသည်။ ကလေးများအညှော်မိခြင်း၊ အဖျားကြီးခြင်းအတွက် ကြောင်ပန်းမြစ်ကိုသွေး၍ တိုက်ကျွေးခြင်းဖြင့်လည်းကောင်း၊ ရှူခြင်းဖြင့်လည်းကောင်း သက်သာပျောက်ကင်းစေနိုင်သည်။ ကိုယ်လက်အောင့်ခြင်းအတွက် ကြောင်ပန်းရွက်နှင့်သက်ရင်းကြီးရွက်တို့ကိုပါးပါးလှီးပြီး ဆားထည့်၍ ကြပ်ထုပ်ထိုးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ ❖



# ပန်းသင့်သောရနံ့

**ကိုးကိုး(ကျူမဲ)**

(၁)

"သမီးရဲ့ အစ်ကိုကြီးက ဘာဖြစ်လို့အခုထိ ကျောင်းပြောင်းလက်မှတ် လာမထုတ်သေးတာလဲ"

"အစ်ကိုကြီးက စာတတ်သွားပြီလေ ဆရာကြီး။ ဖိတ်စာတွေတောင် ဖတ်တတ်နေပြီ"

Grade-1 မှ ကလေးမလေး၏ စကားကြောင့် ကျွန်တော် ဆွံ့အသွားရသည်။ စနစ်သစ်ပညာရေးတွင် Grade-6 မှစ၍ အလယ်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့တက်ရောက်ရမည်။ ကျွန်တော်တာဝန်ကျသည့် ကျောင်းလေးသည် မူလတန်းကျောင်းဖြစ်၏။ ကျောင်းဖွင့်သည်မှာ တစ်ပတ်ခန့်ရှိပြီ။ ယနေ့ထိ ကျောင်းပြောင်းလက်မှတ် လာမထုတ်သေးသော တပည့်ဖြစ်သူ ထွန်းထွန်းဦး အတွက် စိတ်ပူမိသည်။ ထို့ကြောင့် သူ၏ညီမလေးကို မေးမြန်းမိခြင်းဖြစ်သည်။

ခရုတုပ်ဆိုသည့် ရွာကျောင်းလေးသို့ပြောင်းရွှေ့လာခဲ့သည်။ ယခင်က တစ်ရွာတည်းရှိသည့် ခရုတုပ်ရွာ ကလေးသည် ရွာသားများ စိတ်ဝမ်းကွဲကြပြီး အရှေ့ရွာနှင့်အနောက်ရွာဟူ၍ နှစ်ခြမ်းကွဲခဲ့ရ၏။ ထိုရွာနှစ်ရွာ စလုံးတွင် စာသင်ကျောင်းများ အသီးသီးအပြိုင်ရှိကြသည်။ ရွာနှစ်ရွာကွဲသွားသော်လည်း ကျောင်းသားအရေအတွက်က မသေးလှ။ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ကျော်စီ အသီးသီးရှိကြသည်။ ထိုနှစ်ရွာထဲကမှ အရှေ့ရွာသို့တာဝန်ကျခဲ့ခြင်းဖြစ်လေသည်။ လုပ်သက် ငါးနှစ်ကျော်မှ ရာထူးတိုးလျှောက်ခဲ့ရ၏။ ဝန်ထမ်းဘဝ အစတွင် မာတာမိခင်၏စိတ်မချမှုကြောင့် နယ်ကျောင်းများကို မထွက်ခဲ့ရပေ။ လုပ်သက်အနည်းငယ် ရောက်ရှိလာမှသာ ခွင့်ပြုခဲ့သည်။ ယခုကျောင်းလေးတွင် ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ၊ ဆရာမ အင်အား သုံးဦးတည်းသာရှိသဖြင့် Grade-5 နှင့် Grade-2 တို့ကို အတန်းတွဲသင်ကြားခဲ့ရသည်။ နယ်ကျောင်းများသည် မြို့ပေါ်ရှိကျောင်းများကဲ့သို့ ဆရာ၊ ဆရာမ အင်အား မလုံလောက်ပေ။ အတန်းတွဲ သင်ကြားရသည်မှာ ရိုးရာတစ်ခုလိုပင်ဖြစ်နေ၏။ မနှစ်က ကျောင်းအုပ်ဆရာကြီးပြောသော စကားများသည်လည်း နားထဲတွင် ပြန်လည်ကြားယောင်လာ၏။

"ဆက်ပိုင် သားရေ ဒီရွာက မိဘတချို့ဟာ ပညာရေးကို သိပ်အားမပေးကြဘူး။ သေစာ၊ ရှင်စာလောက် ဖတ်တတ်ရင် ကျောင်းထုတ်တော့တာပဲ။ ကလေးတွေကို နွားကျောင်းခိုင်းတယ်။ တောအလုပ်တွေ ကူလုပ်ခိုင်းတယ်။ နည်းနည်းအရွယ်ရောက်လာရင် ပွဲရုံ (သီးနှံရောင်းဝယ်ရေးပွဲရုံ)တွေမှာ ခိုင်းကြတယ်။ Grade-5 အောင်ရင် သူတို့အတွက် အတန်းဆုံးပြီ"

ထိုအချိန်က ရောက်ခါစဖြစ်၍ ကိုယ်တိုင်မကြုံဖူးသေးသဖြင့် မည်သည့်မှတ်ချက်မှ မပြောဖြစ်ခဲ့ပေ။ ယခုမှ နဖူးတွေ့၊ ဒူးတွေ့ကြုံတွေ့ရလေပြီ။

(၂)

"မောင်သီဟဇော်"

"လာပါတယ် ခင်ဗျ"

"မောင်. . ."

"လာပါတယ် ခင်ဗျ"

"မောင်ထွန်းထွန်းဦး"

"မလာဘူး ဆရာကြီး။ နွားကျောင်းသွားတာ တွေ့လိုက်တယ် ဆရာကြီး"

သီဟဇော်၏ပြောစကားကြောင့် ရင်ထဲနုံးချည့်သွားရသည်။ စိတ်ထဲ၌လည်း မကောင်းပေ။ ထို့ကြောင့် ကလေးများကို စာရေးခိုင်းခဲ့ပြီးလျှင် ကျောင်းအုပ်ဆရာကြီးထံ အပြေးလေးသွားရသည်။ ဆရာကြီးထံမှ ခွင့်ပြုချက်ရခဲ့သဖြင့် စိတ်နှလုံးသည်လည်း ရွှင်ပြုံးရပေ၏။

"သီဟဇော်ရေ၊ ထွန်းထွန်းဦးကို မနက်ဖြန်ကျရင် နွားတွေကို ကျောင်းထဲမှာပဲ လာကျောင်းရင်း စာသင်ဖို့ ဆရာကြီးက မှာလိုက်တယ်လို့ ပြောခဲ့လိုက်။ မေ့မနေနဲ့နော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုစဉ်-

"အီးဟီး. . . မေမေ့ဆီ ပြန်ချင်တယ်။ လိုက်ပို့။ အီးဟီး. . ."

ခိုင်ဇာလင်းနှင့်ပါလာသော သူ၏ညီမလေး ငိုသံကြောင့် နှစ်သိမ့်ရန်အတွက် စားပွဲပေါ်ကပဲပေါင်မုန့် တစ်ထုပ် ပေးလိုက်သည်။ မုန့်၏တန်ခိုးကြောင့် ထင်သည်။ ချက်ချင်းဆိုသလို ကလေးငယ်သည်လည်း အငိုတိတ်သွား၏။ နှပ်ချေးတွဲလဲနှင့် ကျွန်တော့်ကို ပြန်လည်ပြုံးပြလိုက်သေးသည်။ ယခုရွာလေးသည် အိမ်ခြေ ၁၀၀ ခန့် ရှိ၏။ ကျောင်းသား၊ ကျောင်းသူ အရေအတွက်က ၁၃၀ ကျော်ရှိသော်လည်း ဘွဲ့ရပညာတတ်ဟူ၍ လက်ချိုးရေတွက်၍ရသည်။ ပညာမတတ်ခြင်း၏ဆိုးကျိုးအဖြစ် ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ပြုကြသည်။ စီးပွားရေးသိပ်အဆင်မပြေကြသော်လည်း ကလေးမွေးခြင်းက မလျော့။ သားဆက်ခြားခြင်း၏ အကျိုးကျေးဇူးကို လုံးဝနားမလည်။ အိမ်ထောင်တစ်စုဆိုလျှင် ကလေးပုစုခရုတို့ဖြင့် ဖြစ်ကြသည်။ မိဘများသည် ပေါင်းပေါက်၊ ကြက်သွန်စိုက်၊ ငရုတ်သီးခြွေ၊ ပဲတီစိမ်းဆွတ်၊ ပွဲရုံတွင်ကုန်ထမ်းသည့်အလုပ်စသည့်နေ့စားအလုပ်များကို လုပ်ကိုင်ကြရသည်။ မိဘများ အလုပ်သွားသည့်အခါ အရွယ်ကြီးသောကလေးများက အငယ်တို့ကို ပြန်လည်ထိန်းကျောင်းရ၏။ ကြီးသူကငယ်သူကို ပြုစုစောင့်ရှောက်ခြင်းဖြင့် အရွယ်ရောက်လာခဲ့ကြသည်။ ကျောင်းနေအရွယ်ကလေးများ စာသင်ခန်းနှင့်ဝေးကွာသွားမည့်အဖြစ်ကို ကျွန်တော် အလိုမရှိပေ။ ထိုအခါ ကလေးငယ်များပါ ကျောင်းသို့ လိုက်ပါလာကြစေသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် စာသင်ခန်းနှင့် ဝေးကွာမည့်အဖြစ်ကနေ ရှောင်ရှားနိုင်မည်။ ကလေးငယ်များသည်လည်း မုန့်စားရခြင်း၊ ကစားစရာအရုပ်များဖြင့် ဆော့ကစားရခြင်းတို့ကြောင့် ကျောင်းတွင်ပျော်နေကြချေပြီ။ ယခုလို ကိုယ့်အဖြစ်ကို ကိုယ်တွေးကြည့်မှ တစ်ချိန်တုန်းက မိဘနှင့်အတိုက်အခံလုပ်ခဲ့သည်မှာ အိပ်မက်ပမာ။

(၃)

"အမေ သားကို ကောလိပ်အတင်းတက်ခိုင်းရင် အိမ်က ထွက်သွားမှာနော်။ အမေ့ယောက်ျားကြီးကို ကူပြောပေးအုံး"

"မင်းအဖေအကြောင်းလဲ သိလျက်သားနဲ့။ ဘယ်တုန်းက လွှန်ဆန်လို့ရလဲ။ ဟိုကဖြင့် ဘူးဆိုဖရုံမသီးဘူး။ ငါလဲ နင်တို့သားအဖကြားထဲ စိတ်ညစ်တာပဲ သိတယ်။ ကိုယ်တိုင်သာ ပြောတော့ဟေ့"

"သားက သူငယ်ချင်းတွေနဲ့အတူ နည်းပညာတက္ကသိုလ် တက်ချင်တာ။ ကလေးထိန်းတဲ့အလုပ်ကြီးကို ဝါသနာပါဖို့နေနေသာသာ တွေးတောင် မတွေးဖူးဘူး"

မည်သို့ပင်ဆိုစေကာမူ ကျွေးသဖခင်ကြီး၏ ဒေါသကို ကြောက်ရသဖြင့် ပညာရေးကောလိပ်သို့ နောက်ဆုံးတွင် တက်ရောက်ခဲ့ရသည်။ ယခုအခါ အဖေ့ကိုသာ အကြိမ်ကြိမ် ကျေးဇူးတင်မိသည်။ အဖေ့ ကောင်းမှုကြောင့် ကိုယ့်ဝါသနာကို သိခွင့်ရခဲ့သကဲ့သို့ ဘဝလက်တွဲဖော်နှင့်လည်း ဆုံတွေ့ခွင့်ရခဲ့သည်။ စိတ်ညစ်စရာများ ကြုံတွေ့ရသော်လည်း ကလေးတို့အနားရောက်သွားလျှင် စိတ်ကလေးတက်ကြွပျော်ရွှင်ရ၏။ သူတို့တစ်တွေ ပျော်ရွှင်အောင်ပင် အမြဲဖန်တီးဖြစ်သည်။ သင်တန်းဆင်းစကကဲ့သို့ မြို့ပေါ်ကကျောင်းများကိုလည်း မမက်မောချင်။ ချို့တဲ့သည့် ကျေးရွာများက ပန်းကလေးများကိုသာ ပြုစုပျိုးထောင်ချင်မိသည်။ ထိုပန်းကလေးများ ဖူးပွင့်လာလျှင် ဥယျာဉ်မှူး ပီတိဖြစ်ရ၏။

(၄)

"သားတို့၊ သမီးတို့ရေ။ ပုံဆွဲစာအုပ် ပါကြလား။ ဒီနေ့ ပန်းချီစသင်မယ်နော်"

"ပါပါတယ် ဆရာကြီး။ သားစာအုပ်က Ubrand။ သမီးစာအုပ်က အကောင်းစား"

ကလေးတို့သဘာဝ အပြိုင်အဆိုင် ဖြေနေကြသည့်ကြားထဲတွင် ထွန်းထွန်းဦးတစ်ယောက် ငြိမ်ချက်သား ကောင်းလှ၏။ နှုတ်ဆိတ်ရန်အတွက် သူ၏ခဲတံမှ ခဲဖျက်လေးကို လက်ဖြင့်အကြောင်းမရှိ ကုတ်ဖဲ့နေရှာသည်။ ကြိုတင်မျှော်လင့်ထားသည့် အခြေအနေဖြစ်၍ ချက်ချင်းဖြေရှင်းရန် ကြိုးစားရသည်။

"သားတို့၊ သမီးတို့ရေ။ အတန်းထဲမှာ လက်ရေးသပ်ရပ် လှပဆုံးက ဘယ်သူလဲ"

"ထွန်းထွန်းဦးပါ ဆရာကြီး"

"အေး. . . ဟုတ်တယ်။ အဲဒါကြောင့် ဆရာကြီးက သူ့ကို ဒီနေ့ဆုချမယ်။ သား ရှေ့ထွက်ခဲ့ပါ"

"ဖြောင်. . . ဖြောင်း. . . ဖြောင်း"

အားလုံး၏ လက်ခုပ်သံများကြားထဲတွင် ပုံဆွဲစာအုပ်နှင့် ခဲတံသုံးချောင်းကို လက်ကကိုင်၍ သူလည်း ပြုံးရယ်နေလေ၏။ ကလေးတိုင်းကို အမြဲတမ်း ပြုံးရယ်နေစေချင်မိသည်။ ထွန်းထွန်းဦး၏ဖခင်သည် ပျားဖွပ်သမားတစ်ဦးဖြစ်သည်။ ကျွန်တော်မရောက်မီ တစ်နှစ်ကပင် ပျားဖွပ်စဉ် သစ်ပင်ပေါ်ကပြုတ်ကျ၍ သေဆုံးခဲ့ရသည်။ သူ၏မိခင်သည်လည်း အုတ်ဖိုတွင် နေ့စားအလုပ်သမတစ်ဦးဖြစ်၏။ ထို့ကြောင့် သူသည် အိမ်၏ စားဖိုမှူးအဖြစ် တစ်လှည့်၊ အဝတ်လျှော်သည် အဖြစ်တစ်ခါ။ အခြားအိမ်အလုပ်များအပြင် အားလျှင်အားသလို မိခင်၏အလုပ်တွင် တတ်နိုင်သလောက် ကူညီရသေးသည်။ Grade-5 မှကလေးများကို ပုံဆွဲခိုင်းထားတုန်း ဘေးအခန်းတွင်ရှိသော Grade-2 မှ ကလေးများဘက် အတန်းကူးပြောင်းရ၏။

"သားတို့၊ သမီးတို့ရေ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း အတွဲအမှတ်(၁)ထဲက အရင်ပတ်က သင်ထားတဲ့ နှစ်မျိုးကို မှတ်မိသေးလား"

"မှတ်မိပါတယ် ဆရာကြီး"

"အဲဒါဆို အစဉ်အတိုင်း အရင်ပြောပါအုံး"

"သွေးပူလေ့ကျင့်ခန်းနဲ့ ခေါင်းလေ့ကျင့်ခန်းပါ ဆရာကြီး"

"တော်လိုက်တာ။ ဒီနေ့ နောက်ထပ်အသစ်နှစ်မျိုး ထပ်သင်မယ်နော်။ လက်ရှေ့ခွဲ လေ့ကျင့်ခန်းနဲ့ဘယ်ညာ ကိုင်း လေ့ကျင့်ခန်း သေသေချာချာ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကလေးများကို ကျောင်းစာတွင်တော်ကြ၍ ဖွံ့ဖြိုးရေးဘာသာရပ်တို့တွင်လည်း ထူးချွန်ကြစေချင်သည်။ ကလေးတိုင်း စာတော်သည့်သူများ မဖြစ်နိုင်။ ထို့ကြောင့် သူတို့ဝါသနာပါသော ပညာရပ်များ၏ အခြေခံသဘောတရားကို နားလည်သိရှိသွားလျှင် သင်ကြားရကျိုးနပ်၏။ အတန်းတွဲသင်ကြားရသဖြင့် အချိန်ကို သေချာစွာစီမံခန့်ခွဲရ၏။ မဟုတ်လျှင် ကသီလင်တနိုင်လှသည်။ ကျွန်တော်လည်း သည်ကျောင်းလေးရောက်မှ ကလေးထိန်းတတ်လာသကဲ့သို့ ထမင်း၊ ဟင်းကိုလည်း ကျွမ်းကျင်စွာချက်ပြုတ်တတ်လာသည်။ အမေက ဖုန်းဆက်တိုင်း-

"အမေ့သားလေး ဘယ်လိုတွေ ချက်ပြုတ်စားသောက်နေလဲ အမေ သိချင်လိုက်တာ။ သီတင်းကျွတ်ပိတ်ရက် အိမ်ပြန်လာမှ အမေ့သားရဲ့လက်ရာ ထမင်းနဲ့ဟင်းကို စားရချေသေးရဲ့"ဟု စိုးရိမ်မှုတစ်ဝက်၊ အံ့ဩမှုတစ်ဝက်တို့ဖြင့် အမြဲပြောဆိုတတ်၏။ ကျွန်တော်၏စိတ်ဆန္ဒတွင် ဖူးပွင့်လာသည့် ပန်းကလေးတိုင်းကို အမြဲလန်းဆန်းစေချင်မိသည်။

(၅)

"ဒေါင်. . . ဒေါင်. . . ဒေါင်"

ကျောင်းတက်ခေါင်းလောင်းသံကြောင့် ကျွန်တော့် အတွေးတို့သည်လည်း အတိတ်ဆီမှ ပစ္စုပ္ပန်သို့ ဆိုက်ရောက်လာသည်။ အတန်းနှစ်တန်းကို အတန်းတွဲ၍ သင်ကြားရသော်လည်း နှစ်တန်းပေါင်းမှ အရေအတွက် ၄၀ ပင် မပြည့်ပေ။

စာမျက်နှာ ၂၅ သို့

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဇော်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ကဏန်း ပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်စန်းအေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံများက ကဏန်းများကို ဝယ်ယူကာ စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လက ကဏန်းပိဿာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ပြီးခဲ့သည့် ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကဏန်း ပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း သိရသည်။

"ဘိုကလေးမြို့က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက် တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လက ရန်ကုန်ဈေးကွက်ကို ကဏန်းပိဿာချိန် ၅၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်က ဒေသထွက်ကုန် ကဏန်းတွေ အဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်စန်းအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်အတွင်းမှ ရေထွက်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်းရှင်များက ကဏန်းများကို စနစ်တကျသန့်စင်ပြီး ကတ်ပုံးများဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၂၀၀၀ မှ ၈၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါကဏန်းများ အများအပြား တင်ပို့ရောင်းချလာရသည့်အတွက် ကုန်သည်များ၊ ကဏန်းမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် နောင်ဗိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**မောက်မယ် ဇော်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ဟိုနမ့်ကျေးရွာအုပ်စု နောင်ဗိုကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ တာဝန်ခံနှင့် ဝန်ထမ်းများက လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မောက်မယ်မြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

➤စာမျက်နှာ ၂၄ မှအဆက်

Grade-5 တွင် ကလေး ၁၁ ဦးရှိပြီး မနှစ်ကထက် ထက်ဝက်ကျော် ပိုတိုးလာသည်။ အတန်းကြီးလေလေ ကလေးအရေအတွက်လျော့လေလေ။ ထိုအစဉ်အလာကြီးကို ကျွန်တော် မနှစ်မြို့ပေ။ ရေရှည်မတည်တံ့စေရန် ယခုနှစ်တွင် ကြိုးစားရမည်။ မနှစ်က ကျောင်းသားငါးဦးတွင် ထွန်းထွန်းဦးက ယနေ့တိုင် ကျောင်းပြောင်းလက်မှတ်လာမယူသေးပေ။ သူသည် အတန်းထဲတွင် စာအတော်ဆုံးကျောင်းသားမဟုတ်သကဲ့သို့ အညံ့ဆုံးသူလည်း မဖြစ်ပေ။ အမေနှင့် ညီ၊ ညီမတို့အပေါ်တွင် သနားကြင်နာတတ်သူတစ်ဦးဖြစ်၏။ ထိုကလေးငယ်၏ အနာဂတ်လေးကို ပွဲရုံသို့မရောက်စေချင်။ ညနေကျောင်းဆင်းလျှင် သူ့အိမ်သို့သွားရလိမ့်မည်။

"အန်တီ၊ ထွန်းထွန်းဦး ရှိလားခင်ဗျ"

"မရှိဘူး ဆရာကြီး။ ချောင်းထဲကို အဝတ်သွားလျှော်နေတယ်။ ထိုင်ပါအုံး ဆရာကြီး။ ရေနွေးကြမ်း သောက်ပါအုံးရှင့်"

"ကျောင်းပြောင်းလက်မှတ် လာမယူသေးလို့ လိုက်လာတာ။ ကျောင်းမထားတော့ဘူးလား အန်တီ"

"ထားတော့ ထားချင်တာပေါ့ ဆရာကြီးရယ်။ စားဖို့၊ သောက်ဖို့တောင် အနိုင်နိုင်ရယ်။ အခုဆို ကူမဲကျောင်းကြီးကို ပြောင်းထားရမှာဆိုတော့ စက်ဘီးက လိုလာပြီ။ သူများနောက်က ကပ်လိုက်တယ်ဆိုတာကလဲနေ့စဉ်ရက်ဆက်ကြီးကျ အဆင်မပြေနိုင်ဘူး"

သူ၏မိခင်သည် စကားပြောနေစဉ်တွင် တစ်ခါတလေ အသံတို့သည် တိမ်ဝင်သွားလိုက်၊ မြင့်လာလိုက် ဖြစ်နေ၏။ မျက်ဝန်းအိမ်၌လည်း ငွေ့ရည်ဖွဲ့သလို မျက်ရည်တို့ ဝိုင်းစိုအုံ့မှိုင်းနေသည်။

"စက်ဘီးအတွက်ကတော့ မပူနဲ့အန်တီ။ ဒီတစ်ပတ် အိမ်ပြန်ရင် ကျွန်တော် ဆယ်တန်းတုန်းကစီးခဲ့တဲ့ စက်ဘီးကို သူ့အတွက် ယူခဲ့မယ်။ အဲဒီအတွက် အားနာစရာ၊ ကျေးဇူးတင်စရာ မလိုပါဘူး။ အိမ်မှာလဲ စီးမဲ့သူမရှိလို့ ပိုနေတာပါ။ အဖေက သေချာသိမ်းထားလို့ အကောင်းတိုင်းပဲရှိနေသေးတယ်။ သူ့ကို ကျောင်းထပ်တက်စေချင်သေးတယ်။ နည်းနည်းအတန်းလေးမြင့်တော့ လက်မှုပညာလေး၊ ဘာလေး သင်ယူလို့ လွယ်ကူသေးတာပေါ့။ ဗလာစာအုပ်နဲ့ ခဲတံကိုလဲ ကျွန်တော် တတ်နိုင်သလောက် ဝယ်ပေးပါ့မယ်။ မနက်ဖြန်ကျ ကျောင်းအပ်သွားဖို့ လွှတ်လိုက်ပါနော် အန်တီ။ ကျွန်တော်ကိုယ်တိုင် လိုက်အပ်ပေးပါ့မယ်"

"အားနာလိုက်တာ ဆရာကြီးရယ်။ ဘယ်လိုကျေးဇူးတင်လို့ တင်ရမှန်းကို မသိတော့ပါဘူးရှင်"

ထွန်းထွန်းဦးမိခင်၏ မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် တပေါက်ပေါက်ဖြင့် အပြေးအလွှား သူ့ထက်ငါအပြိုင် မြေကြီးပေါ်သို့ခုန်ဆင်းနေကြ၏။ ပါးစပ်ကလည်း "ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"ဟု အကြိမ်ကြိမ်အခါခါ ပြောဆိုနေလေ၏။ ကလေးသုံးဦးနှင့် မုဆိုးမမိခင် တစ်ဦးအတွက် အနည်းငယ် အသက်ရှုချောင်သွားစေချင်သည်။ ကလေးတိုင်းသည် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ မဖြစ်နိုင်ပေ။ ပင်ပန်းဆင်းရဲစွာလုပ်ကိုင်ရမည့် ကလေးများကိုမူ ဝပ်ရှော့ဆရာ၊ ပန်းထိမ်ဆရာ စသည့်လက်မှုပညာတစ်ခုခု တတ်မြောက်သွားစေချင်သည်။ ထို့ကြောင့် ထွန်းထွန်းဦးကိုလည်း ကျွန်တော်တတ်နိုင်သောအချိန်ထိ တစ်နှစ်ပြီးတစ်နှစ် အတန်းများဆွဲဆန့်ထားရမည်။ ကျွန်တော်၏ဆန္ဒသည် စာတော်သောတပည့်တို့ကို ထူးချွန်ထက်မြက်စေချင်၏။ အခြားတပည့်များကိုလည်း သက်သောင့်သက်သာဖြင့် ဘဝတွင် အသက်မွေးဝမ်းကျောင်းပြုနိုင်စေချင်သည်။ ဥယျာဉ်မှူးသည် ရေလောင်းပေါင်းသင်၍ ဖူးပွင့်လာသည့် ပန်းကလေးများကို အမြဲလန်းဆန်းစေချင်၏။ ထိုလန်းဆန်းလာသည့် ပန်းကလေးများကိုလည်း လောကအလယ်တွင် ပန်သင့်သောရန့်တို့ဖြင့် အသီးသီးမွှေးပျံ့စေချင်သည်မှာ ဓမ္မတာပင်။

## နေ့သစ်အပြုံး

\- နေ့သစ်ကို အမုန်းမလွှမ်း
အပြုံးပန်းဖြင့် ဆီးကာကြို၊
ကောင်းမှုတွေ ယှဉ်ကာဖက်
ရှေ့ဆက်စေလို၊
မကောင်းမှု အကုသိုလ်
ရှောင်ကြဉ်ပို တို့အများ၊
ပျော်ရွှင်စွာ အားခွန်သစ်နဲ့
ထုဆစ်လှုပ်ရှား။

\- မေတ္တာကို လက်ကိုင်ထားလို့
နှလုံးသား အမြဲဖြူစင်၊
စေတနာ စိတ်ထားကောင်း
ကိန်းအောင်းကာပင်၊
မိုက်အတ္တ ဖယ်ရှောင်ကြဉ်
လူ့ဘဝတွင် အောင်မြင်ရေး၊
အများကျိုးကို ရည်မျှော်မှန်း
ထမ်းရွက်စို့လေး။

\- ဖြူစင်ဖွယ် စိတ်အတွေးနဲ့
ကြိုးစားမနေး လှုရပ်ထံ၊
စိတ်သန္တာန်မှာ တန်ခိုးထွား
နိုးကြားရှင်သန်၊
ရည်မှန်းချက် ပြည့်စေရန်
သန္နိဋ္ဌာန် ချမှတ်ရင်း၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်စေမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ဝေါမြို့နယ် အုတ်ဖို(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဇော်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ဖို(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အုတ်ဖို(၂)ကျေးရွာရှိ ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အုတ်ဖို(၂) ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖို(၂)ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ရာဂုမ္ဗတ္တက

## သတင်းစာဆရာတစ်ဦး

ဘယ်သူပြောတဲ့စကားလဲ။ ဘယ်သူရေးတဲ့ သဘောသွားလဲ။ မိမိမသိပါ။ မှတ်သားစရာ၊ သတိထားစရာ ကောင်းလှလို့ သတိထားမိခဲ့တယ်။ အခါခါဖတ်တော့ ကျက်စရာမလိုဘဲ မိမိအလွတ်ရနေခဲ့တယ်။ လက်တွေ့ကျင့်သုံးခံယူအပ်တဲ့ အကျင့်စာရိတ္တ မပျက်အောင် သတိပေးနေတဲ့ စာလုံးလေးတွေပဲလေ။

When welth is lost, nothing is lost.
When health is lost, something is lost.
When eharaeter is lost, everything is
Lost.

**ပစ္စည်းဥစ္စာပျောက်ဆုံးရင် ဘာမှမဆုံးရှုံးလှပါဘူး။** (ဥစ္စာငွေကြေးဆိုတာ ကြိုးစားပြီးပြန်ရှာလို့ရတာပဲ) **ကျန်းမာရေး ချို့ယွင်းရင်တော့ တစ်စုံတစ်ရာဆုံးရှုံးရပြီ။**

ကျန်းမာရေးပြည့်စုံမှသာ မြတ်သောလာဘ်ကို ရနေတာ။

**အကယ်၍သာ အကျင့်စာရိတ္တပျက်ပြားသွားခဲ့ရင်တော့ အစစအရာရာအားလုံးဟာ ဆုံးရှုံးသွားပါပြီတဲ့။**

လောကမှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်း၊ ချီးမွမ်းချီးကျူးခံရခြင်း၊ အထင်သေး၊ အမြင်သေး ကဲ့ရဲ့ခံရခြင်း၊ ပစ္စည်းဥစ္စာပေါများကြွယ်ဝပြည့်စုံရခြင်း၊ မရှိရှားပါးခက်ခဲခြင်း ဆိုတဲ့ လောကဓံတရားရှစ်ပါးဆိုတာ တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်ချိန်မဟုတ်တစ်ချိန် တွေ့ကြုံခံစားကြရမြဲ ဓမ္မတာပေပဲ။ ဘယ်သူမှ အမြဲတမ်း သုခချမ်းသာမရှိနိုင်သလို ဘယ်သူဘယ်ဝါမှ ဆင်းရဲဒုက္ခထာဝရကြုံတွေ့မနေပါဘူး။ ဘာကြောင့်လဲဆိုတာကတော့ အရာရာဟာ ဘာမှမတည်မြဲလို့ပါပဲ။

ကျွန်တော်တို့ လူ့ဘဝကို ရခေါင့်ရခဲရရှိလာပြီး ဘဝတစ်ခုဖြစ်တည်နေရစဉ်မှာ ကျွန်တော်တို့မွေးလာစမှာ ဘာမှပိုင်ဆိုင်တဲ့အရာ ပါမလာပါဘူး။ အဝတ်အစားတောင် ပါမလာဘူးနော်။ သို့သော် တိတိကျကျပြောမယ်ဆိုရင်တော့ ရုပ်နဲ့နာမ်တော့ ပါလာကြတယ်။ လူသားရုပ်တစ်ခုရတယ်လေ။ ရုပ်ခန္ဓာသာမက သိတတ်သောသဘောရှိတဲ့ အသက်ရှင်သန်ခြင်းအပါအဝင် နာမ်သဘောလည်း ပါလာခဲ့တယ်နော်။

ရုပ်ဟာ နာမ်မဟုတ်။ နာမ်ဟာ ရုပ်မဟုတ်။

ဒီနှစ်ခုဟာ ကွဲပြားကြတယ်။ ရုပ်နဲ့နာမ်ဟာ အတူတကွ ယှဉ်တွဲပူးပေါင်းပြီး လူ့ဘဝတစ်ခုကို ခရီးနှင်နေတယ်။ ရုပ်ခန္ဓာဟာ ကိုယ်ပိုင်တဲ့အရာလို့ ဆိုကောင်းဆိုနိုင်ပေမဲ့ ကိုယ့်အလိုအားလုံးကို လိုက်မှာတော့ မဟုတ်ဘူးနော်။ မနာမဖျားချင်ပေမဲ့ ရုပ်က ဖျားနာတယ်နော်။ ချောင်းမဆိုးချင်ပေမဲ့ ချောင်းဆိုးတယ်။ ချောင်းဆိုးတာနာချေတာမဖြစ်ချင်ပေမဲ့ နှာစေးပြီး ချေတာကိုတော့ တားလို့မရပါ။ အလားတူပေါ့။ ထချင်ပေမဲ့ မထနိုင်တာ၊ ပြေးချင်ပေမဲ့ မြန်ချင်သလောက်မြန်အောင် ပြေးနိုင်စွမ်းမရှိတာမျိုးကို ကြုံဖူးမှာပေါ့။ ရုပ်ခန္ဓာကို မိမိပိုင်တယ်ဆိုသော်ငြားလည်း အငှားခန္ဓာအိမ်အခွံကြီးတစ်ခုလိုပဲနော်။

ရုပ်ခန္ဓာသာပိုင်သလိုလို မပိုင်သလိုလိုဖြစ်နေတာ မဟုတ်ဘူး။ စိတ်လည်းဒီလိုပဲ။ ရုပ်ခန္ဓာက စားသင့်တယ်ဆိုတာ စိတ်ကမကြိုက်ဘူးတဲ့၊ မစားဘူးတဲ့ ရှိတတ်တယ်။ အဲဒါက မတည့်ဘူးနော် မစားရဘူး၊ သိတယ်၊ သိပေမဲ့ စားချင်စိတ်ကို မထိန်းနိုင်လို့ စားမိသွားတယ်။ ကိုယ်ကြိုက်တာကိုး၊ မနေနိုင်ဘူးဆိုတာ စိတ်ကိုမထိန်းနိုင်ခဲ့တာပဲလေ။ စိတ်ကိုမထိန်းနိုင်ခဲ့လို့ လောဘလွန်ကဲပြီး ဓားပြတိုက်တဲ့လူဟာ ထောင်ကျသွားလေရော။ တရားသူကြီးကပြောတယ်။ "မင်းဘဏ်ကိုဓားပြတိုက်နေတော့ နံရံမှာ မှတ်တမ်းကင်မရာတွေ၊ စီစီတီဗွီရှိနေတယ်။ မင်းတို့လုပ်တာတွေ ဗီဒီယို မှတ်တမ်းရိုက်ထားတယ်ဆိုတာ မသိဘူးလားကွာ"

တရားခံဓားပြက ဘာပြောလဲ။

"သိတော့သိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ မျက်လုံးက ငွေတွေပဲမြင်ခဲ့တယ်"တဲ့။

ငွေကိုလိုချင်တဲ့စိတ်က လွှမ်းမိုးနေတော့ ဆင်ခြင်တုံတရား၊ သတိထားရမယ်။ မလုပ်နဲ့၊ လုပ်ရင်အဖမ်းခံရလိမ့်မယ်။ တရားရုံးရောက်မယ်။ ထောင်ဒဏ်ကျခံရနိုင်တယ်ဆိုတာတွေ မစဉ်းစားနိုင်ဘူး။ သိပေမဲ့ ဖြစ်ချင်ရာဖြစ်ကွာ လုမှာပဲ၊ တိုက်မှာပဲဆိုတဲ့ စိတ်ကိုထိန်းလို့မရခဲ့ဘူး။ မိမိစိတ်က စိတ်ရိုင်းဝင်နေတဲ့မြင်းလိုဖြစ်နေတယ်လေ။

မြင်းရိုင်းကိုစီးရသလို ကဆုန်ပေါက်ပြေးလွှားပြေးချင်ရာပြေး၊ စားချင်ရာစား၊ လုပ်ချင်တာလုပ်တဲ့ မြင်းရိုင်းကို ခွစီးထားရတဲ့လူလိုပဲ။ ကိုယ့်စိတ်က ထင်ရာ

❖ အကျင့်မကောင်းတဲ့လူဟာ ဘဝဘယ်ကောင်းနိုင်ပါ့မလဲ။ စိတ်ဟာမျောက်လိုပဲ ခုန်ပေါက်မြူးတူးဆော့ကစားတယ်။ မျောက်စိတ်လိုပဲ ဆော့လွန်းတဲ့အမျိုးသမီးငယ်တချို့ တွေ့ခဲ့ဖူးတယ်။ မွေးရပ်ဇာတိရွာမှာလည်း ကြားဖူးခဲ့တယ်။ မိမိနေခဲ့တဲ့မြို့မှာလည်း မြင်ဖူးတယ်။ တက္ကသိုလ်လေးနှစ်နေခဲ့ရစဉ်ကလည်း ရမ္မက်ရဲ့ ကျေးကျွန်ဖြစ်နေတဲ့ ကျောင်းသူတချို့ကို တွေ့မြင်ဖူးတယ်။ အချို့ဟာ ထူးထူးခြားခြား သိသိသာသာလှပပါတယ်။ မိန်းမကောင်းတို့ရဲ့ ဆင်းအင်လက္ခဏာနဲ့ ပြည့်စုံပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ကျောင်းသူဘဝမှာတင် ရည်းစား နှစ်ယောက်၊ သုံးယောက် ထည်လဲတွဲတယ်။ ရာဂထူပြောလှတယ်။ ❖

မြင်ရာ စွတ်လုပ်နေတတ်တဲ့ စိတ်ရိုင်းစိတ်ယုတ်ဟာ ဆိုးချင်တိုင်းဆိုး၊ မိုက်ချင်တိုင်းမိုက်ရင် အကျင့်စာရိတ္တ ထိန်းဖို့ ဘယ်ဖြစ်နိုင်ပါတော့မလဲ။ ရသတဏှာဆွဲခေါ်ရာလွင့်ပါ။

အကျင့်မကောင်းတဲ့လူဟာ ဘဝဘယ်ကောင်းနိုင်ပါ့မလဲ။ စိတ်ဟာမျောက်လိုပဲ ခုန်ပေါက်မြူးတူးဆော့ကစားတယ်။ မျောက်စိတ်လိုပဲ ဆော့လွန်းတဲ့အမျိုးသမီးငယ်တချို့ တွေ့ခဲ့ဖူးတယ်။ မွေးရပ်ဇာတိရွာမှာလည်း ကြားဖူးခဲ့တယ်။ မိမိနေခဲ့တဲ့မြို့မှာလည်းမြင်ဖူးတယ်။ တက္ကသိုလ်လေးနှစ်နေခဲ့ရစဉ်ကလည်း ရမ္မက်ရဲ့ ကျေးကျွန်ဖြစ်နေတဲ့ ကျောင်းသူတချို့ကို တွေ့မြင်ဖူးတယ်။ အချို့ဟာ ထူးထူးခြားခြား သိသိသာသာလှပပါတယ်။ မိန်းမကောင်းတို့ရဲ့ ဆင်းအင်လက္ခဏာနဲ့ ပြည့်စုံပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ကျောင်းသူဘဝမှာတင် ရည်းစား နှစ်ယောက်၊ သုံးယောက် ထည်လဲတွဲတယ်။ ရာဂထူပြောလှတယ်။ ချောတဲ့ သူမို့ ချစ်သူကြိုက်သူ ဝိုင်းဝိုင်းလည်လို့ သူ့ခမျာ လိင်ကိစ္စရမ္မက်ရဲ့ ကျေးကျွန်ဘဝ ကျရောက်ရလေတယ်လို့ သူတို့ကို ထင်ခဲ့မိတယ်။ ဒီလိုလည်း မဟုတ်ဘူး။ ရုပ်မလှသူကလည်း အလားတူမျောက်လိုဆော့တာရှိပြန်တာပဲ။ တကယ်တော့လည်း တက္ကသိုလ်ဆိုတဲ့ အသိုက်အဝန်း ကျောင်းသူ၊ ကျောင်းသား လေးထောင်နီးပါးထဲမှာ တစ်ယောက်စကား တစ်ယောက်နား ပျံ့လွင့်ရောက်ရှိသွားကြတာကလား။ သတင်းစာလိုစက်တင်ပုံမနှိပ်ရပေမဲ့ ကောင်းသတင်းကိုပန်းသတင်းလေညင်းဆောင်သလိုပဲ မကောင်းသတင်း မကောင်းတဲ့အနံ့အသက်ဟာလည်း စာသင်ခန်းတွေ၊ အဆောင်တွေ၊ အစုအဝေးတွေထဲ ပျံ့နှံ့ရောက်ရှိလေတယ်။

ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၊ ၆၀ ကဆို တက္ကသိုလ်ကျောင်းသူအများစုက ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာ လေးစားခံရလောက်အောင် သိသိသာသာ ထူးထူးခြားခြား (သာမန်အရပ်သူနဲ့ ကွဲပြားအောင်) ကိုယ်ရည်ကိုယ်သွေးမြင့်မားကြပါတယ်။ အပျော်အပျက်ပါလာရင် တစ်နှစ်တလေ၊ တစ်ယောက် နှစ်ယောက်လောက်ပေါ့။ အထူးသဖြင့် မန္တလေးဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ဟာ ကိုယ်ကျင့်သိက္ခာ၊ ဂုဏ်အရည်အချင်းမြင့်မားတဲ့၊ ထင်ရှားတဲ့အစဉ်အလာနဲ့ တက္ကသိုလ်ပါ။ ဘယ်သူဘယ်ဝါနဲ့ ယှဉ်တာတော့မဟုတ်ပါဘူး။ စာရေးဆရာမ နုနုရည်(အင်းဝ)ရေးတဲ့ အချို့ဝတ္ထုတွေထဲမှာ ခေတ်ကာလတစ်ခုက အဆောင်ပြင်ပပုဂ္ဂလိကအဆောင်ငှားနေကြတဲ့ မိန်းကလေးတွေရဲ့ ရုန်းကန်ဖြစ်သန်းမှုကို ထင်ဟပ်ဖော်ပြထားတာမျိုးက ဖတ်ရတာ ရင်နာကြေကွဲစရာတွေလည်း ရှိပါတယ်။

အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ် လူသားတိုင်းဟာ ယဉ်ကျေးမှုလူ့ကျင့်ဝတ်၊ စည်းကမ်းဥပဒေနဲ့ မိမိစိတ်ကို ဘောင်ခတ်လှောင်အိမ်သွင်းပြီး စိတ်ကိုနိုင်အောင် ကြိုးစားကြရမှာပါပဲ။

"**စည်း**တွင်းမှာနေ
ကင်းကွေလိမ့်ရန်ဘေး။
**ကမ်း**ကိုကျော် ချော်ကာကျ
များလှရန်ဘေး"။

စည်းကမ်းဆိုတာ တကယ်တမ်း လူ့တန်ဖိုးပါပဲ။

ကိုယ်ကျင့်သီလ၊ ကျင့်ဝတ်စည်းကမ်း ဘေးဖယ်ထားပြီး စိတ်ရှိတိုင်းသာ လွတ်ထွက်ဆော့မြူးပျော်ပါးနေမယ်ဆိုရင် တရားဥပဒေအရ တရားရုံးတော်မှာ တရားခံဘဝ မကျရောက်ဘဲ (ကံကောင်းနေသေးလို့) လွတ်ချင်လွတ်နေပါ့မယ်။ ပတ်ဝန်းကျင်က ကဲ့ရဲ့ခြင်းဘေး မိမိကိုယ်တိုင်ရဲ့ ကိုယ့်လိပ်ပြာ (ကိုယ်စောင့်နတ်)က သိမြင်နေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် မသတီဘဲ အထင်သေးရွံ့ချတဲ့ဘေး။ အဲဒီမသိစိတ်မှာ အပြစ်မကင်းခံစားရစိတ်ကတော့ ဖျောက်ဖျက်လို့မရပေဘူး။ စိတ်မှာ ဒဏ်ရာဒဏ်ချက်ဖြစ်စေတယ်။

ရပ်ထဲရွာထဲက အရပ်ပျက်မဆိုတာ နည်းပါတယ်။

မြို့ထဲ၊ ရပ်ထဲက ပြည့်တန်ဆာဆိုတာ မများလှပါ။

ဘာသာတရားအဆုံးအမတွေနဲ့ ဘာသာတရားကို အခြေခံတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေဟာ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ စိတ်ကိုယဉ်ကျေးအောင် ဆုံးမထိန်းကျောင်းဖို့ သွန်သင်ခဲ့ကြပါတယ်။ အရှက်တရားကို ငယ်ရွယ်စဉ်ကပင် မိဘဆရာက သွန်သင်ဆုံးမပြီး သင်ကြားလေ့ကျင့်ထားလေ့ရှိတယ်။ အကြောက်တရားကိုလည်း ရပ်ရွာအုပ်ချုပ်ကြသူ လူကြီးသူမ၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေးတွေက မတော်ရာမစဉ်းစားဖို့၊ မသင့်ရာမပြောဆိုဖို့၊ မလုပ်ရမှာကို မလုပ်မိစေဖို့ စောင့်ရှောက်ကြပ်မတ် အမြဲမပြတ် ကြည့်ရှုဖေးမကြတယ်။

လူတစ်ယောက် မိမိစိတ်ကိုထိန်းကျောင်းနိုင်နင်းဖို့က အကျင့်စရိုက်နဲ့ဆိုင်တယ်။ အကျင့်ဆိုတာ အခြားအမည်နဲ့ပြောရင် စာရိတ္တပါပဲ။ ကိုယ်ကျင့်တရား စာရိတ္တဆိုတာဟာ လူတစ်ယောက်ရဲ့ ငွေကြေးဥစ္စာဆင်းရဲချမ်းသာနဲ့လည်းမဆိုင်ဘူး၊ ပညာတတ်မတတ် အတန်းပညာနဲ့လည်းမဆိုင်ဘူး။ အသက်အရွယ်နဲ့လည်း မဆိုင်ဘူး။ (ဆယ်ကျော်သက်မှာတော့ အရွယ်အရ စိတ်ကစားတာ ပိုများတတ်တာရှိနိုင်တာပေါ့)။ ရာထူးရာခံအဆင့်နိမ့်တာ၊ မြင့်တာမျိုး နဲ့လည်းမဆိုင်ဘူး။ နိုင်ငံရေးအာဏာမြင့်မြင့်မားမား ရကြသူတချို့ဟာ ခေါင်းဆောင်မှုရအောင် မိမိတို့က စံနမူနာပြ ကိုယ်ကျင့်စာရိတ္တကောင်းရမဲ့အစား ပြောမထွက်လောက်အောင် အောက်တန်းကျယုတ်နိမ့်တဲ့ စာရိတ္တဖောက်ပြန်ပျက်ပြားမှုတွေ လူမသိ၊ သူမသိ ဆိုးဆိုးဝါးဝါးရှိခဲ့ကြဖူးပါတယ်။ အခြားနိုင်ငံတွေမှာလည်း သိရတယ်။ ကိုယ့်ဆီမှာလည်း ကြားရတယ်။

တက္ကသိုလ်မှာ စိတ်ဝေဒနာအမျိုးမျိုးနဲ့ လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးအကြောင်းကို စာသင်ခန်းထဲမှာ သင်ယူရတဲ့အခါ (သင်ရိုးအရ အနောက်နိုင်ငံက စိတ်ရောဂါ စိတ်ဖောက်ပြန်ပုံတွေ ဖတ်ရှုလေ့လာရတာကိုး) သင်ပြတဲ့ဆရာက လန်ဒန်မြို့ ဟိုက်ဒ်ပတ်ပန်းခြံထောင့်မှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ အမျိုးသမီးတစ်ဦးဟာ Sex Donation ပြုလုပ်နေကြောင်း သတင်းရတော့ ရဲကဖမ်း၊ တရားရုံးက အပြစ်ပေး၊ စိတ်ရောဂါအထူးကု စိတ်ကျန်းမာရေးစစ်ဆေးတဲ့ ဆရာဝန်ဆီရောက်လာတာပေါ့။ အဲဒီအမေးအဖြေတွေအရ စံလွဲစိတ်ဝေဒနာလက္ခဏာတွေကို မိမိတို့ကျောင်းသားတွေ သိခဲ့ရတယ်။

တောကြီးတောင်ကြီးထဲမှာ (ဘုရင့်သားတော်) မောင်တော်မင်းသား သစ်သီးရှာသွားစဉ် မောင်တော်သနားလို့ ရေထဲကမျောလာတဲ့ဖောင်ပေါ်က ခြေပြတ်လက်ပြတ် (ခိုးမှုရာဇဝတ်သားမို့ လက်မောင်းနှစ်ဖက် ဒူးခေါင်းနှစ်ဖက်ဖြတ် ဖောင်ပေါ်တင် ရေမျှောလိုက်ခြင်းခံရသူ လူမိုက်ယောက်ျား)တစ်ယောက်ကို ဒဏ်ရာတွေပျောက်အောင် ကုသပေးရင်းနဲ့ (အစကညီးစော်နံတယ်။ ပြည်တွေက ပုပ်စော်နံတယ်နဲ့ ဝေးဝေးထားပါမောင်တော်ရဲ့ ဆိုခဲ့တဲ့) မိဖုရားဟာ ပေါင်တိုနဲ့ နှစ်ပါးသွားရုံမျှမက ပရိယာယ်နဲ့ ခင်ပွန်းမောင်တော်ကို တောင်စောင်းသစ်ကိုင်းပေါ်မှ တွန်းချသတ်ဖြတ်တဲ့အထိ ရက်စက်ယုတ်မာတဲ့ ဝက်ဿအမျိုးသမီးလည်း ဇာတ်တော်တစ်ပုဒ်ထဲမှာ ရှိခဲ့ဖူးတယ်။

လောကမှာ လူတွေဟာ အမျိုးမျိုးအစားစားပဲ။

တစ်ယောက်နဲ့တစ်ယောက် ကြံရည်၊ ဖန်ရည်၊ ဉာဏ်ရည်အရာမှာ အလွန်တရာကွာခြား ကွဲပြားကြသလို စိတ်ရင်းစိတ်ထား လူ့ကျင့်ဝတ်ကိုယ်ကျင့်တရား အလေးထားတတ်သူနဲ့ ဖောက်ပြားပျက်စီးသူ၊အတော်ကြီးခြားနားကြပါတကားလို့ သတိထားမိလိုက်ပါတယ်။ အစွဲတွေ၊ အလွဲတွေအမျိုးမျိုးထဲမှာ တဏှာလွန်ကဲ၊ ရမ္မက်နွံထဲ နစ်သူတချို့ရဲ့ ဘဝတွေဟာလည်း အတော်သနားစရာ၊ ကြောက်စရာပါလားလို့ နှမချင်းစာနာစွာ တွေးနေမိပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၈၀၉။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ဝင်း နှင့်ဇနီး ဒေါ်ခင်မာဆွေ၊ (သားကြီး) ကိုတင်ထွန်းဦး၊ (သားငယ်)ကိုညီညီထူးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၅၈၁၀။ | ဒေါ်ကျင်စန်း၊ ဒေါ်စန်းမမမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၅၈၁၁။ | ကန်ဦးဇေတဝန်စာသင်တိုက်မှ သံဃာတော်များ ကောင်းမှု | ၃၃၀၀၀၀ |
| ၅၈၁၂။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းဌေး မိသားစုကောင်းမှု (သစ္စာအောင်မြင်ရွှေဆိုင်) | ၃၀၀၀၀၀ |
| ၅၈၁၃။ | ဦးသီဟနှင့်ဇနီး ဒေါ်တိုးတိုးရီမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၁၄။ | ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တမေ့သာရ၊ ညီတော် ဒေါက်တာဘဒ္ဒန္တဝီစာရကောင်းမှု | ၃၀၀၀၀၀ |
| ၅၈၁၅။ | မိဘနှစ်ပါးနှင့် ဦးစိုးလှိုင်တို့အားရည်စူး၍ ဒေါ်ကြည်ကြည်အေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၈၁၆။ | ဗိုလ်မှူးဟန်မိုးအောင်(ငြိမ်း)မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၈၁၇။ | ဒေါ်ကျင်မွေးမိသားစုကောင်းမှု | ၁၃၅၀၀၀ |
| ၅၈၁၈။ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၊ ပပကြီးကျေးရွာ ဘုရားဖူးများအဖွဲ့ကောင်းမှု | ၁၃၂၀၀၀ |
| ၅၈၁၉။ | ဒေါ်အိကြည်ခိုင်မိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၅၈၂၀။ | ဆရာတော်ဦးပရမအားအမှူးထား၍ ဦးအောင်ကျော်နှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၂၁။ | အဘ အောင်မင်းခေါင်အားအမှူးထား၍ ဒေါ်မျိုးမမ၊ (သား) ကိုစံလင်း၊ ကိုစံထွန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၈၂၂။ | အသောကာရာမစာသင်တိုက်ဘုရားဖူးအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၃။ | ကိုဖိုးငယ်နှင့်ဇနီး ဒေါ်မြတ်မြတ်သွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၄။ | ကွယ်လွန်သူ ဒေါ်အေးအေးထွန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုများကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၅။ | ဒေါ်ယမင်းစိုး၊ (သမီး)မဆုလာဘ်နှင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၆။ | ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)နှင့်ဇနီး ဒေါ်စံစံဟွမ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၇။ | ဗိုလ်မှူးစန်းဌေး(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာလွင်၊ (သမီး) ဦးသန်းမင်းလွင်နှင့်ဇနီး မအိမြတ်ရွှေစင်၊ (သား) မောင်ကောင်းမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၈။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်အေးအေးချို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၂၉။ | ဦးကိုကိုထွေးနှင့်ဇနီး ဒေါ်စန်းစန်းဝင်း မိသားစုကောင်းမှု(ငွေကံ့ကော်သစ်သီးပွဲရုံ) | ၁၀၀၀၀၀ |
| ၅၈၃၀။ | ဦးထိုက်သူနှင့်ဇနီး ဒေါ်မေသက်ထွန်း၊ (သမီး) ဝေဒီပါထိုက်၊ (သား) ပြည့်စုံထိုက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၁။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုဇာဏီနှင့်ဇနီး မအိမို့မို့မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၂။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်တူးတူးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၃။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်တို့အား အမှူးထား၍ (သမီး) မဥမ္မာစိုးသီရိ (၄၁)နှစ်ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၅၈၃၄။ | ဦးမင်းအောင်နှင့်ဇနီး ဒေါ်ဝင်းမော်၊ (သား) မောင်ရဲရင့်အောင်၊ (သမီး)မမေသူကျော်၊ မထက်ထက်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၅။ | ဦးငြိမ်းငြိမ်းထွန်းနှင့်ဇနီး ဒေါ်စန်းမြင့်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၆။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် (သား)ကိုဇာနည်စိုး၊ (သမီး) မနှင်းအေးကို၊ မနှင်းဝတ်ရည်တို့အားရည်စူး၍ ဦးစိုးသန်းနှင့်ဇနီး ဒေါ်လှဲ့လှဲ့ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၈။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၃၉။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာမိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၀။ | ဗိုလ်မှူးချုပ်ဘိုလွင်နှင့်ဇနီး ဒေါ်အေးအေးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၁။ | ဒုတိယဗိုလ်မှူးကြီးရဲထွန်းနှင့်ဇနီး ဒေါ်လှဲ့လှဲ့နှင်း၊ (သမီး) မကြည်ဖြူထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၂။ | ဒုတိယဗိုလ်မှူးကြီးအေးဝင်းနှင့်ဇနီး ဒေါ်လှိုင်လှိုင်ခင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၃။ | ကွယ်လွန်သူများအားရည်စူး၍ မိခင်ကြီးဒေါ်မျိုးကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၄။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ခင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၅။ | ဦးဝင်းမိုးနှင့်ဇနီး ဒေါ်ဇင်ဇင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၆။ | မိခင်ကြီး ဒေါ်သင်းမြင့်ဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၇။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ဝင်းမာမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၈။ | ကိုအောင်နှင့်ဇနီး မဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၄၉။ | ဦးကျော်စိုးဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၀။ | ဒေါ်နှင်းဆီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၁။ | ဦးကြည်ပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၂။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်ခင်လှကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၃။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ရီရီအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၄။ | ဦးစိုးလင်းမောင်နှင့်ဇနီး ဒေါ်လှဲ့လှဲ့လှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၅။ | ဒေါ်ချိုမာလင်း၊ ဒေါ်ပြုံးပြုံးဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၈၅၆။ | ဦးကြည်သောင်းအားရည်စူး၍ ဒေါ်သိန်းတင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

## **မာရဝိဇယ**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ **စက်တင်ဘာလ ၄** ရက်နေ့မှစ၍ **လူဝင်ကြေးအခမဲ့**ဖြင့် ဆက်လက်ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ်လ ၈ ရက်နေ့မှစတင်၍ ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းသံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိပါသည်။ **စက်တင်ဘာ ၄** ရက်နေ့မှစ၍ လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေးအတွက် ဖော်ပြပါနှုန်းထားများအတိုင်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်-

(၁) လူဝင်ကြေး(အခမဲ့) - အခမဲ့
(၂) ဖုန်း ၁ လုံး(ကင်မရာအပါ) (ကင်မရာပါသောဖုန်းများသာကောက်ခံပြီး Keypad ဖုန်းများမကောက်ခံပါ) - ၁၀၀၀/-ကျပ်။
(၃) အပျော်ရိုက်ကင်မရာ - ၅၀၀၀/-ကျပ်။
(၄) အလှဓာတ်ပုံရိုက်/Video(Pre Wedding အပါအဝင်) (၂ နာရီ) (နာရီဝက်ပိုတိုင်း-၅၀၀၀ ကျပ်) - ၅၀၀၀၀/-ကျပ်။
(၅) ဥယျာဉ်တော်အတွင်း ယာဉ်ရပ်နားကွင်း ယာဉ်ငယ် ၁ စီး (အိမ်စီးယာဉ်ငယ်များကိုသာ ဥယျာဉ်တော်အတွင်း ဝင်ခွင့်ပြုပါသည်။ ယာဉ်ကြီးနှင့်ဆိုင်ကယ်များ ဥယျာဉ်တော်ပြင်ပတွင် ရပ်နားရန်။) - ၂၀၀၀၀/-ကျပ်။
(၆) Buggy စီးနင်းခြင်း၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးမကောင်းသူများအတွက်သာ Buggy အခမဲ့စီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တစ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ ငွေကြေးအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဝန်ထမ်းအလိုရှိသည်

**ကွန်ပျူတာစာရင်းကိုင်** **အမျိုးသမီး (၁) ဦး**
**နယ်အရောင်း** **အမျိုးသမီး (၂) ဦး**

- ရုပ်ရည်အသင့်အတင့်ရှိရမည်။
- အသက် (၂၅)နှစ်မှ (၃၀)အတွင်း။
- ဘွဲ့ရပြီးသူဖြစ်ရမည်။
- လစာ(ညှိနှိုင်း)။
- လာရောက်လျှောက်ထားမည့်သူများအနေဖြင့် ရပ်ကွက်ထောက်ခံချက် (သို့) ရဲစခန်းထောက်ခံချက် ပါရှိရမည်။

**ရွှေစေတီ ဆေးCompany**
34×35, 70×71 ၊ မန်းမန္တလာအိမ်ရာဝင်း၊ No.25
09-265948882 , 09-778822259, 09-402576167
ရုံးချိန်အတွင်း လာရောက်ဆက်သွယ်လျှောက်ထားရန်
နံနက် (9:00) နာရီမှ ညနေ (5:30)နာရီအတွင်း

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့သစ်၊ ညည-၂၈၊ အိမ်အမှတ် (၅၆-ခ)နေ ဦးဝင်းနိုင်အေး-ဒေါ်ကျင်နု တို့၏သားဖြစ်သူ **မောင်နန်းရအောင် (ခ) အောင်နိုင် (၉/ပကခ(နိုင်)၀၂၄၆၉၇)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(တုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးဝင်းနိုင်အေး (၉/ မရမ(နိုင်)၀၃၃၂၀၂)**
**ဒေါ်ကျင်နု (၉/ မရမ(နိုင်)၀၃၃၂၁၀)**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အ. ထ. က (ခွဲ) Grade-12 တွင် ပညာသင်ကြားနေသော မောင်ချစ်ဝေအောင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းကြည် ဖြစ်ပါကြောင်း။

**ဦးမင်းကြည်(၅/ ရဘန(နိုင်)၁၃၄၆၀၆)**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အ. ထ. က (ခွဲ) Grade-12 တွင် ပညာသင်ကြားနေသော မဖြိုးအိထွန်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမြင့်နိုင်ထွန်း ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်ထွန်း(၅/ ရဘန(နိုင်)၁၈၅၉၇၉)**

## "အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ စာတိုးမြို့ပြင်ကြီး ရပ်ကွက်၊ အကွက်(၆၂၃/မြို့ပြင်ကြီး)၊ ဦးပိုင်(၆၆)၊ ဧရိယာ(၁. ၁)ဧက အကျယ်အဝန်းရှိ ဦးစိုင်းဝင်းကြည် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်သောစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-*
**ဒေါ်မြတ်အိမြို့** **ဒေါ်မာလာမြင့်** **ဒေါ်လှိုင်မွန်အိ**
(LL.B) (D.B.L) (LL.B) (D.B.L) (D.I.L) (LL.B)
**တရားလွှတ်တော်ရှေ့နေများ**
**၀၉-၇၆၇၁၀၀၉၂၇ ၊ ၀၉-၄၀၂၅၃၄၆၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်မြို့ရပ်ကွက်၊ မြေပဲတန်းရပ်နေ ကျွန်မ ဒေါ်ခင်မမ (၉/မရတ(နိုင်)၀၄၉၀၂၉)မှ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ၏သမီး **မချွန်းနီ (ခ) ကြိုးကြိုး (၉/ခမစ(နိုင်)၀၆၇၃၈၁)** အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလကတည်းက အမွေပြတ်စွန့်လွှတ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မချွန်းနီ (ခ) ကြိုးကြိုး နှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် ကျွန်မတို့မိသားစုနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မမ**
**(၉/ မရတ(နိုင်)၀၄၉၀၂၉)**

## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အ. ထ. က (၁၈)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ချမ်းငြိမ်းအောင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်အရ ဦးဝင်းမောင်ဦး ဖြစ်ပါကြောင်း။

**ဦးဝင်းမောင်ဦး**
(DBN ၀၁၃၈၈၀)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ပြည်ကြီးတံခွန်မြို့နယ်၊တံခွန်တိုင်ရပ်ကွက်၊ ကမ္ဘဝါတန်းရပ်နေ ဦးနေဝင်း-ဒေါ်အေးအေးသန်း တို့၏ သားငယ် **မောင်ဝေယံနေဝင်း(၉/ ပကခ(နိုင်)၀၂၁၇၅၄)** သည် မိဘတို့၏ဆိုဆုံးမမှုအပေါ် လုံးဝနာခံမှုမရှိဘဲ မိသားစုအပေါ် ဒုက္ခအမျိုးမျိုးပေးပြီး မိမိသဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(တုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးနေဝင်း(၉/ အမရ(နိုင်)၀၅၇၉၄၂)**
**ဒေါ်အေးအေးသန်း(၉/ အမရ(နိုင်)၀၅၇၉၄၁)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ "ပြည်သူသာအမိ၊ ပြည်သူသာအဖ"လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ(**Guardian**)အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင်ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၥ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၉





## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်အကြိုလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးပညာရေးဒီဂရီကောလိပ်၏ လူငယ်သီတင်းပတ်အကြိုလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အဆိုပါဒီဂရီကောလိပ်ရှိ ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးပညာရေးဒီဂရီကောလိပ် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

## မုတ်သားဖွယ်ရာ မိုးရေချိန်များ
(၄-၉-၂၀၂၄)

| | | | |
|---|---|---|---|
| ကော့သောင်း | ၆ ဒသမ ၅၀ လက်မ | လောင်းလုံ | ၂ ဒသမ ၈၀ လက်မ |
| ပခုက္ကူ | ၃ ဒသမ ၇၁ လက်မ | ကျောက်တော် | ၂ ဒသမ ၆၈ လက်မ |
| ဟိုင်းကြီးကျွန်း | ၃ ဒသမ ၀၃ လက်မ | ထားဝယ် | ၂ ဒသမ ၆၄ လက်မ |
| မအူပင် | ၂ ဒသမ ၉၅ လက်မ | လေးမျက်နှာ | ၂ ဒသမ ၅၀ လက်မ |
| ပုတာအို | ၂ ဒသမ ၈၃ လက်မ | တောင်သာ | ၂ ဒသမ ၂၁ လက်မ |

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်
၄-၉-၂၀၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563